အစ္စလာမ်သင်ခန်းစာ

စာစဉ် (၄၅)

မော်လာနာ ရဖီးအ် အုစ်မာနီ
(ပါကစ္စတန်နိုင်ငံ မုဖ်သီ) ၏

# အဟ်ကာမိဇကားသ်

(ဝါ)

# ဇကားသ်၏ပညတ်တော်များ

**အလှူဒါန၏အစသည်**
**ဥစ္စာမှမဟုတ်၊ နှလုံးသားမှဖြစ်သည်။**

ကြီးကြပ်သူ ။ ။ မုဖ်သီမုဟမ္မဒ်ဇူရသီ
ပြန်ဆိုသူ ။ ။ မုဟမ္မဒ်ဟာရုန်

အစ္စလာမ်သင်ခန်းစာ

စာစဉ် (၄၅)


မော်လာနာ ရဖီးအ် အွစ်မာနီ

(ပါကစ္စတန်နိုင်ငံ မုဖ်သီ) ၏


# အာဟ်ကာမိဇကားသ်

(ဝါ)

# ဇကားသ်၏ပညတ်တော်များ

**အလှူဒါန၏အစသည်**

**ဥစ္စာမှမဟုတ်၊ နှလုံးသားမှဖြစ်သည်။**


ကြီးကြပ်သူ ။ ။ မုဖ်သီမုဟမ္မဒ်စူရသီ

ပြန်ဆိုသူ ။ ။ မုဟမ္မဒ်ယာရှုးန်

## မာတိကာ


| မာတိကာ | စာမျက်နှာ |
|---|---|
| မှတ်သီချုပ်ကြီး၏ ထောက်ခံစာ | |
| အမိန့်ချုပ်ကြီး၏ ထောက်ခံစာ | |
| ရိုက်ခွလ်ဟာဒီးစစ်၏ ထောက်ခံစာ | |
| ပြန်ဆိုသူ၏ အမှာစာ | |
| ဇကားသ်၏ ပညတ်တော် | (၁) |
| ဇကားသ်၏ အရေးကြီးပုံ | (၇) |
| ဇကားသ်၏ သမိုင်း | (၈) |
| ဇကားသ်နှင့်စပ်လျဉ်း၍ပေါ့ဆမှု | (၁၁) |
| ဇကားသ်ပေးဆောင်မှုမပြုလျှင်ထိုက်သင့်မည့်အပြစ်ဒဏ် | (၁၂) |
| ဇကားသ်ထိုက်သောစည်းကမ်းချက်များ | (၂၁) |
| ရွှေနှင့်ငွေ၏ ပညတ်ချက်များ | (၂၄) |
| လက်ငင်းငွေ၏ ပညတ်ချက် | (၂၉) |
| ရောင်းဝယ်ဖောက်ကားသောပစ္စည်း၏ ပညတ်ချက် | (၄၀) |
| မြီးစားအပေါ်မည်သည့်အခါဇကားသ်ပေးရန်တာဝန်ရှိ၍ မည်သည့်အခါတာဝန်မရှိခြင်း | (၄၆) |

မြို့ရှင်အပေါ်ခြည်သည့်အခါ ဇကားသ်
ပေးရန်တာဝန်ရှိ၍ မည်သည့်အခါ
တာဝန်မရှိခြင်း (၄၇)
နှစ်မကုန်မီဇကားသ်ပေးခြင်းနှင့်
ယင်းနှင့်သက်ဆိုင်သောပညတ်တော်များ (၅၄)
ဇကားသ်ပေးနည်းနှင့် ယင်း၏ပညတ်
ချက် (၅၇)
ဇကားသ်၏နီယသ် (၆၃)
အခြားသူမှတစ်ဆင့်ဇကားသ်ပေးခြင်း (၆၇)
မည်သူတို့ကိုဇကားသ်ပေးခွင့်ရှိသနည်း (၇၀)
ပလီဝတ်ကျောင်းတော်များနှင့် ဇကားသ်၏
ပညတ်ချက် (၇၇)
သားချင်းများနှင့် မိတ်ဆွေအပေါင်း
အဖော်များကို ဇကားသ်ပေးခြင်း (၈၃)
ဇကားသ်ပေးရာ၌ မှားခဲ့သော်
အထွေထွေ (၈၇)
သီးနှံများအပေါ်ဇကားသ်(အုရှ်ရ်)
အကြောင်း (၈၉)
ဇကားသ်နှင့်အုရှ်ရ်၏ခြားနားမှု (၉၀)
မည်သို့သောသီးနှံများပေါ်တွင် အုရှ်ရ်
ပေးရ၍ မည်မျှပေးရမည်နည်း (၉၃)
ဆွဒ်ကဘူလ်ဖိသ်ရ်၏ပညတ်ချက်များ (၉၇)

# အမှာစာ

---

အလ္လာဟ်အရှင်မြတ်သည် မိမိ၏အဖန်ဆင်းခံများအား ဖန်ဆင်းတော်မူပြီးနောက် ၎င်းတို့အနက် လူသားနှင့် အခြားသတ္တဝါများကို စားနပ်ရိက္ခာ ချီးမြှင့်တော်မူမည့်အကြောင်းအား ကုရ်အာန်ကျမ်းတော်မြတ်၏ အခန်း(၁၂)၊ စူရဟ်(၁၁)၊ အာယသ်တော်(၆)၌ ကတိပေးထားတော်မူ၏။ တစ်ဖန် ဤသို့ ရိက္ခာချီးမြှင့်ရာတွင် အရှင်မြတ်သည် လူသားအားလုံးအား တန်းတူညီမျှစွာ မချီးမြှင့်ဘဲ အချို့အား အနည်းငယ်သာချီးမြှင့်၍ အချို့အား မြောက်မြားစွာ ချီးမြှင့်ထားတော်မူ၏။ ဤသို့ ပြုရခြင်းမှာ လူသားတို့၏ ကိုယ်ကျင့်တရား ဖွံ့ဖြိုးရာတွင်လည်းကောင်း၊ ကမ္ဘာ့ဓာတ်ခံအား စီမံရာတွင် လည်းကောင်းပြုလုပ်ရသည့် လျှို့ဝှက်ချက်များမှ လျှို့ဝှက်ချက်တစ်ခုပင်ဖြစ်၏။ ဤလျှို့ဝှက်ချက်များအား လူသားများ မသိရှိနိုင်ကြပေ။

ဤကဲ့သို့ မြောက်မြားစွာ ဉစ္စာပစ္စည်းရရှိထားသောသူများသည် ၎င်းဉစ္စာပစ္စည်းများထဲမှ သူဆင်းရဲများအား အချီးကျူမပေးမနေရဟု သတ်မှတ်ထားတော်မူ၏။ ထိုသတ်မှတ်ချက်ကို ဇကားသ်ဟုခေါ်၏။

တစ်ဖန် ကုရ်အာန်ကျမ်းတော်မြတ်နှင့်ဟဒီးဆ်တော်

များကို လေ့လာလျှင် အစ္စလာမ့်ဘဏ္ဍာတော်၌ စာရင်းလေးမျိုးရှိခဲ့ကြောင်း အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။

**(၁) ခွမ်စ် (ငါးပုံတစ်ပုံ ယူရသော)စါရင်း။**

ယင်းစာရင်းအောက်၌

(က) ခွမ်စိ ဂနာအင်မ်။ (သုံ့ပန်းပစ္စည်း)။

(ခ) ခွမ်စိ မအာဒင်န်။ (တွင်းထွက် သယံဇာတ)။

(ဂ) ခွမ်စိ ရှကားဇ်။ (ရှေးဟောင်းသိမ်းဆည်းထားသော သို့မဟုတ် မြေမြှုပ်ထားသော အဖိုးတန်ပစ္စည်း)

**(၂) ဆွဒ်ကားသ် စာရင်း။**

ယင်းစာရင်းအောက်၌

(က) ဇကားသ်

(ခ) ဆွဒ်ကသွလ်ဖိသ်ရ်

(ဂ) အွရှ်ရ် (သီးနှံ၏ဇကားသ်)တို့ပါဝင်၏။

**(၃) ခိရားဂျ် စာရင်း။**

ယင်းစာရင်းအောက်၌

(က) ဖိုင် (ရန်သူများနှင့်စစ်မထိုးရဘဲ ကျေနပ်စွာ ရန်သူထံမှ ရသောပစ္စည်း။)

(ခ) ဘာသာခြားများထံမှ ရရှိသော အခွန်အကောက်။

## (၄) ဇဝါအိအ် (အခြားအထွေထွေ)စာရင်း။

ယင်းစာရင်းအောက်၌

(က) ပိုင်ရှင်မဲ့ပစ္စည်းများ၊

(ခ) အမွေခံမရှိသူ၏အမွေများ။

ယင်းစာရင်းလေးမျိုးကို သုံးစွဲရန် နည်းဥပဒေများ သီးခြားစီ သတ်မှတ်ထားသော်လည်း ယင်းစာရင်းလေးမျိုးတိုင်းတွင် ဆင်းရဲသားများအတွက်ပါ ဝေပုံများ သတ်မှတ်ထားရှိ၏။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် အစ္စလာမ့်တရားတော်၌ ဆင်းရဲသားများကို ယုယစွာ စောင့်ရှောက်ရန် တာဝန်ယူထားကြောင်း တွေ့ရမည်ဖြစ်သည်။

ဤ "ဇကားသ် ပညတ်ချက်" စာအုပ်၌ ယင်းအစ္စလာမ့် ဘဏ္ဍာတော်၌ ထားရှိခဲ့သော စာရင်းလေးမျိုးအနက် ဒုတိယစာရင်း၏ စာရင်းခွဲ သုံးမျိုးအနက် တစ်မျိုးဖြစ်သော ဇကားသ်အကြောင်းကို ဖော်ပြထားပါသည်။ ဤသို့ဖော်ပြရာ၌ ပါကစ္စတန်နိုင်ငံ၏ ကျော်ကြားသော မွဖ်သီ မုဟမ္မဒ်ရဖီးအ် အွစ်မာနီ(မဒ်ဒဇိလ္လုဟူ)၏ "အဟ်ကာမိဇကားသ်" ကို အခြေခံ၍ ပြန်ဆိုထားပါသည်။ အလ္လာဟ် အရှင်မြတ်သည် ဤစာအုပ်ကို လက်ခံတော်မူ၍ အစ္စလာမ်ဘာသာဝင်များအားအကျိုးခံစားခွင့်ချီးမြှင့်တော်မူပါစေ။ (အာမီးန်)

**ပြန်ဆိုရေးသားသူ**

# မွတ်ဖ်သီချုပ်ကြီး၏ထောက်ခံစာ

---

အလ္လာဟ် အရှင်မြတ်သည် အစ္စလာမ့်သင်ခန်းစာ စာစဉ်ဖြင့် မြန်မာမွတ်စ်လင်မ်များအား လောကီလောကုတ္တရာ နှစ်ဌာနစလုံးတွင် အကျိုးဖြစ်ထွန်းတော်မူပါစေ။

အာမီးန်(န်)
မွတ်ဖ်သီချုပ်
မဟ်မူးဒ် ဒါဝူးဒ် ယူစွဖ်
ပြည်ထောင်စု မြန်မာနိုင်ငံတော်
အိုလမာအစ္စလာမ့်သာသနာ့ပညာရှင်များအဖွဲ့ချုပ်
ဥက္ကဋ္ဌကြီး
ဟစ်ဂျ်ရီ ၁၄၁၆ ခုနှစ်၊ မုဟာရ်ရမ်လ (၁) ရက်

## ရှိက်ခ်ခွလ်ဟဒီးဆ်(ဟဒီးဆ်ပါမောက္ခ)၏
## ထောက်ခံစာ

---

အစ္စလာမ့် သွန်သင်ဆုံးမမှုများသည် လူသားတိုင်း မလွဲမသွေဖတ်ရှု ဆင်ခြင်ပွားများ၍ လက်တွေ့ကျင့်သုံးအပ်သော နည်းလမ်းကောင်းများဖြစ်ပါသည်။ အစ္စလာမ့်သင်ခန်းစာ စာစဉ်၌ အစ္စလာမ့်ဆုံးမမှုများကို ဖော်ညွှန်းထားပါသည်။ အလ္လာဟ်အရှင်မြတ်သည် ဤစာစဉ်ကိုလက်ခံတော်မူ၍ ကမ္ဘာသူကမ္ဘာသားများအား ဘဝ၏အောင်မြင်မှုကို ချီးမြှင့်တော်မူပါစေ။

အာမီးန်(န်)
အလ်ဟာဂျ် မော်လာနာ နူရွလ္လာဟ်
ဟဒီးဆ်ပါမောက္ခ
ဒါရွလ်အိုလူမ် အရဗီတက္ကသိုလ်
တာမွေ၊ ရန်ကုန်မြို့။
ဟစ်ဂျ်ရီ ၁၄၁၆ ခုနှစ်၊ ဆွဖရ်လ (၁၆)ရက်

# အမီးရ်ချုပ်ကြီး၏ထောက်ခံစာ

---

အစ္စလာမ့်သင်ခန်းစာစာစဉ်၌ အစ္စလာမ့်အကြောင်း သိကောင်းစရာများကို အလွယ်တကူ ရှာဖွေ သိရှိနိုင်ရန်စီစဉ်ထားပါသည်။ အလ္လာဟ် အရှင်မြတ်သည် ဤစာစဉ်ဖြင့် အွမ္မသ်သူ အွမ္မသ်သားများအားလုံး အကျိုးခံစားခွင့် ပေးသနားတော်မူ၍ ဒွန္နယာ အာခိရသ်၌ ချမ်းသာမှု ချီးမြှင့်တော်မူပါစေ။


အာမီးန်(န်)

ဗန်ဒဟ်

မုဟာမ္မဒ်ဆွာလေဟ်

အမီးရ်ချုပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်


ဟစ်ဂျ်ရီ ၁၄၁၆ ခုနှစ်၊ မုဟာရ်ရမ်လ (၂၂) ရက်

# ဇကားသ်ဖ္ဖ်ပညတ်တော်

# အခေါ်အဝေါ်နှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်

ဇကားသ်နှင့်ဆွဒ်ကားသ်ကိုကုရ်အာန်ကျမ်းတော်မြတ်နှင့်ဟဒီးဆ်တော်များ၌ (က) "ဇကားသ်" (ခ)"ဆွဒ်ကဟ်"(ဂ)"အင်ဖားက်ဖီဆဗီလိလ္လာဟ်" "အိသ္ဗ်အားမ်" ဟူ၍ အမျိုးမျိုးသုံးစွဲထားကြောင်း တွေ့ရမည်ဖြစ်သည်။ ထိုနည်းအတူ ဖိကဟ် (အစ္စလာမ့် ဥပဒေ) ကျမ်းများ၌ (၁-က)"ဇကားသ်" (၁-ခ) "အုရှ်ရ်"(၁-ဂ) "ခုမ်စ်" (၁-ဃ)"နိဆွားဘ်"စသောဝေါဟာရများကို အကြိမ်ကြိမ်သုံးနှုန်းထားကြောင်း တွေ့ရမည်ဖြစ်သည်။

ဤတွင်ယင်း ဝေါဟာရများကို အဓိပ္ပါယ်ဖွင့်ဆိုပြလိုက်ပါသည်။ သို့မှသာ မစာအီလ်(ပညတ်တော်)များကို လွယ်ကူစွာ သဘောပေါက်နိုင်မည်ဖြစ်သည်။

**(က) ဇကားသ်။** ။ အဘိဓါန်အရ "တိုးပွါးခြင်း"နှင့် "စင်ကြယ်ခြင်း" ဟူ၍ အဓိပ္ပါယ်ရ၏။ သို့သော် အိမာမ် ရာဂိဗ် အတ်စ်ဖဟာနီက "တိုးပွားခြင်းဆိုသည်မှာ အမြင်အားဖြင့် တိုးခြင်းမျိုး မဟုတ်ဘဲ

အလ္လာဟ်အရှင် မြတ်ထံတော်မှဘာရကသ်ချီးမြှင့်မှုကြောင့် နာမ်အားဖြင့် တိုးပွားခြင်းကိုဆိုသည်”ဟုအဓိပ္ပါယ်ဖွင့်ဆို ထားသည်။

ထိုနည်းတူ“စင်ကြယ်ခြင်း”ဆိုသည်မှာ အလ္လာဟ် အရှင်မြတ်ထံတော်မှ ရရှိသော နာမ်၏စင်ကြယ်မှုကို ခေါ် သည်။ လူသည်ခန္ဓာကိုယ်နှင့် အဝတ်အစားများကို ဈေ့ာ် ဖွတ်၍ စင်ကြယ်အောင်ပြုသည်ကို ဇကားသ်ဟုမခေါ်နိုင်။ ဤသည် အဘိဓါန်အရဖွင့်ဆိုခြင်းဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်နှင့်ဟဒီးဆ်တော်များ ၏ဝေါဟာရ၌ ဇကားသ်ဆိုသည်မှာ မိမိပိုင် ဥစ္စာတွင်းမှ မပေးမနေရ အချိုးကျ သတ်မှတ်ထားသော ဥစ္စာကို ခေါ် သည်။

ဇကားသ်ပေးဆောင်ခြင်းဖြင့် ပစ္စည်းဥစ္စာတိုးပွား ၍ နာမ်ပိုင်းစင်ကြယ်မှု ရရှိကြောင်းပါရှိသဖြင့် ဇကားသ် ဟု ခေါ်ဆိုရခြင်းဖြစ်ဟန်တူသည်။

အချုပ်ဆိုရသော် ကုရ်အာန် ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များ၏ဝေါဟာရ၌ ဇကားသ်ဆိုသည်မှာ လူ သား များအားမလှူမနေရသတ်မှတ်ထားသောအလှူကိုခေါ် ၏။ ဖိကဟ်ကျမ်းများ၌လည်း ဇကားသ်ကို အထက်ပါ ဖွင့်ဆိုချက်အတိုင်း သုံးနှုန်းထားလေသည်။

**(ခ) ဆွဒ်ကဟ်။** ။ ဤစကားလုံးသည်" "
"ဆိုဒ်က်" ဟူသောပုဒ်မှ ဆင်းသက်လာသော စကားလုံးဖြစ်သည်။ "မှန်ကန်မှု" "အမှန်တရား" ဟုအဓိပ္ပါယ်ရသည်။

တရားတော်၏ဝေါဟာရ၌ စိတ်အတွင်းမှအလ္လာဟ်အရှင်မြတ်ကျေနပ်နှစ်သက်တော်မူရန် လှိုက်လှိုက်လှဲလှဲ လှူလိုက်သော ပစ္စည်း (သို့မဟုတ်) ငွေကိုခေါ်သည်။

ကုရ်အာန် ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များ၌ ဤစကားလုံးကို ဆွဒ်ကအ်ဝါဂျိဗဟ် (မပေးမနေရအလှူ)၊ ဥပမာ-ဇကားသ်၊ အွရ်ရ်နှင့် ဆွဒ်ကသွလ် ဖိသ်ရ် စသည့် အလှူမျိုးအတွက်လည်း သုံးနှုန်းထား၍၊ နဖိလ် (တာဝန်မရှိဘဲ ကုသိုလ်ရရန် ရည်ရွယ်၍ လှူသောအလှူ)မျိုးအတွက်ပါ သုံးနှုန်းထားကြောင်း တွေ့ရမည်ဖြစ်သည်။

ဖိကဟ် (အစ္စလာမ့်ဥပဒေ)ကျမ်း၌လည်း အထက်ပါကဲ့သို့ အလှူနှစ်မျိုးစလုံးအတွက် သုံးစွဲထား၏။ ထို့ပြင်ဟဒီးဆ်ကျမ်းတော်များ၌အထက်ပါ အလှူနှစ်မျိုးအပြင် လူတစ်ဦးအား ပြုံးရွှင်စွာပြောဆိုမှုနှင့် လူတစ်ဦး၏အခက်အခဲကိုကူညီပေးခြင်းစသည်တို့ကိုလည်းဆွဒ်ကဟ်ဟုကျယ်ကျယ်

ပြန့်ပြန့်သုံးထားကြောင်းတွေ့ရ၏။

**ခိုင်ရားသ်**။ ။ ဤစကားလုံးကို ကျွန်ုပ်တို့အသိုင်းအဝိုင်းတွင် ဖရတ်ဇ်နှင့်နဖိလ် ဆွဒ်ကဟ်အားလုံးကို ခြုံငုံ၍ သုံးလေ့ရှိကြသော်လည်း ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်၌ နဖိလ်ဆွဒ်ကဟ်အတွက်သာ သုံးထားသည်ကို တွေ့ရသည်။

**(ဂ) အင်န်ဖားက်နှင့်**

**အိသ္ဒ်အားမ်**။ ။ အင်န်ဖားက်၏လုံးချင်းအဓိပ္ပါယ်မှာ သုံးစွဲခြင်းဟုရ၍၊ အိသ္ဒ်အားမ်၏ အဓိပ္ပါယ်မှာထမင်းကျွေးခြင်း၊ အစားသောက်ပေးခြင်းဟုရ၏။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များ၌ အထက်၌တင်ပြခဲ့သောဆွဒ်ကဟ်နည်းတူ ဖရတ်ဇ်၊ ဝါဂျိဗ်အလှူနှင့်နဖိလ်အလှူအားလုံးအတွက် သုံးနှုန်းထားသည်။

**(၁–ခ)အုရှ်ရ်**။ ။ ထွန်ယက်စိုက်ပျိုး၍ထွက်လာသောသီးနှံအပေါ်ထိုက်လာသောဇကားသ်ကို "အုရှ်ရ်" ဟု ခေါ်သည်။ ထိုနည်းတူရောင်းဝယ်ဖောက်ကားသော ပစ္စည်းဥစ္စာအပေါ် ကောက်ခံသော ငွေကိုလည်း "အုရှ်ရ်" ဟုခေါ်သည်။ ယင်းအုရှ်ရ် ကိုပင် "ဇကားသ်" ဟူ၍လည်းခေါ်သည်။

**(၁–ဂ) ခုမ်စ်။** ။သုံ့ပန်းပစ္စည်းများအနက် "ဗိုင်သွလ် မားလ်" (အစ္စလာမ့်ဘဏ္ဍာ)အတွက် ၅ပုံ ပုံ ၁ပုံ ထုတ် ရသောပစ္စည်းဥစ္စာများကိုခေါ်သည်။ (သို့မ ဟုတ်) တွင်းထွက်ပစ္စည်းများအနက် ၅ပုံ ၁ပုံ ကို ဆင်းရဲသားများအတွက် ကောက်ခံသော ပစ္စည်း ဥစ္စါ ကိုခေါ်သည်။

**(၁–ဃ) နိဆားဗ်။** ။ ဖိကဟ် (အစ္စလာမ့်ဥပဒေ)၏ ဝေါဟာရ၌ ရှရီအသ်တရားတော်က မည်မျှဥစ္စာ ပစ္စည်းပိုင်ဆိုင်လျှင် သူကြွယ်ဖြစ်သည်ဟု သတ် မှတ်ထားသော ဥစ္စာပစ္စည်းပမာဏကို ခေါ်သည်။ ထိုမျှ ပိုင်ဆိုင်သူသည် ဇကားသ်ပေးဆောင်ရန် ဖရတ်ဇ် (မပေးမနေရ)ဖြစ်သည်။ ဥပမာ–ငွေသား နှင့် တွက်လျှင် ငွေ ၅၂ ၁/၂တိုလာ(ငါးဆယ့်နှစ် တိုလာခွဲ)၊ သို့မဟုတ် ရွှေနှင့်တွက်လျှင် ရွှေ ၇ ၁/၂တိုလာ(ခုနစ်တိုလာခွဲ) (၅ကျပ်သား ၃ပဲ ၄ရွေး) (သို့မဟုတ်)ယင်းတို့၏ တန်ဘိုးနှင့်ညီမျှ သောငွေစက္ကူသို့မဟုတ် ရောင်းဝယ်သောပစ္စည်း များ။

**မှတ်ချက်(၁)။** ။စာရှုသူများသည် မိမိတို့အချိန်အခါ

၏ငွေပေါက်ဈေးကို အခြေခံ၍တွက်ချက်ရမည်ကို သတိထားစေလိုပါသည်။ ထပ်မံ၍ သတိပေးလိုသည်မှာ ဇကားသ်ပေးရာ၌ ရွှေနှင့်ငွေကို **အဓိက** အခြေခံ ထားရပါသည်။ ရွှေနှင့်ငွေအနက် တန်ဘိုးနည်းရာကိုအခြေခံထား၍တွက်ရမည်။ တဖန်ရွှေဈေးငွေဈေးမှာ တည်ငြိမ်မှုမရှိဘဲ အမြဲပြောင်းလဲမှုရှိသည့်အတွက် ဇကားသ်ပေးမည့် အချိန်၏ရွှေပေါက်ဈေး၊ ငွေပေါက်ဈေးကို စုံစမ်းရန် တာဝန်ရှိပါသည်။ ဤစာအုပ်၌ ဖေါ်ပြထားသော ဈေးနှုန်းကို ပုံသေမမှတ်ကြရန် သတိထားစေလိုပါသည်။

**မှတ်ချက်(၂)။** ။ ဤစာအုပ် နေရာအနှံ့၌ "နှစ်ကုန်လျှင်" "နှစ်ဆန်းလျှင်"ဟုထပ်ခါတလဲလဲတွေ့ရပါမည်၊ ထိုနှစ်သည် (ကမရ်)လကို အခြေခံတွက်ရသော (၁၂)လကို ဆိုလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် (ရှမ်စီ)နေကိုအခြေခံသော (အင်္ဂလိပ်)နှစ်သည် လကိုအခြေခံသောနှစ်ထက် ကြီးသောကြောင့်ဖြစ်သည်။ ရှရီအသ် တရားတော်၏ပညတ်တော်များ၌ ယင်းနှစ်ကို အခြေခံထားခြင်းမရှိချေ။

# ဇကားသ်၏အရေးကြီးပုံ

---

အစ္စလာမ်၏မဏ္ဍိုင် ငါးပါးအနက် ဇကားသ်သည်လည်း မဏ္ဍိုင်တစ်ပါး ဖြစ်သည်။ ကုရ်အာန် ကျမ်းတော်မြတ်နေရာအနှံ့အပြား၌

أَقِيمُوا الصَّلٰوةَ وَآتُوا الزَّكٰوةَ

"နမာဇ်ကို ဆောက်တည်ကြ၊ ဇကားသ် ပေးဆောင်ကြ။"

وَأَقَامُوا الصَّلٰوةَ وَآتَوُا الزَّكٰوةَ

"နမာဇ် ဆောက်တည်ကြသည်၊ ဇကားသ် ပေးဆောင်ကြသည်။"

وَإِقَامِ الصَّلٰوةِ وَإِيتَاءِ الزَّكٰوةِ

"နမာဇ်ဆောက်တည်ခြင်းနှင့် ဇကားသ်ပေးဆောင်ခြင်း။" ဟူ၍ အမျိုးမျိုးအဖုံဖုံ ဖော်ပြထားကြောင်း တွေ့ရမည်ဖြစ်သည်။ ယင်းကို ထောက်ရှုခြင်းအားဖြင့် အစ္စလာမ်၏ ဖရတ်ဇ်တာဝန်များအနက် နမာဇ်သည် ပထမတာဝန်ဖြစ်၍ ဇကားသ်သည် ဒုတိယတာဝန် ဖြစ်ကြောင်း သိနိုင်လေသည်။

ကုရ်အာန် ကျမ်းတော်မြတ်၊ ဟဒီးဆ်တော်များနှင့် အိဂျ်မ အိအွမ္မသ်(ကဝိပညာရှင်များ၏ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်)အရ "ဇကားသ် ပေးထိုက်သော စည်းကမ်းများနှင့်ညီညွတ်သူအပေါ် ဇကားသ် ပေးရန် ဖရတ်ဇ်ဖြစ်သည်။ ဇကားသ်ကို ဖရတ်ဇ်မဟုတ်ဟု ပြောဆိုယုံကြည်သူသည် မွတ်စ်လင်မ်မဟုတ်။ ဖရတ်ဇ်ဟုယုံကြည်ပြောဆိုပြီးပေးရန်တာဝန်ရှိပါလျက်နှင့်မပေးသူသည်ဖာစိက်(ကြီးလေးသောအပြစ်ထိုက်သူ)ဖြစ်သည်" ဟုသိရသည်။

# ဇကားသ်၏ သမိုင်း(ဇကားသ်၏ အစ)

---

ကုရ်အာန်ကျမ်းတော်မြတ်နှင့်ဟဒီးဆ်တော်များကိုထောက်ရှုလျှင်၊ နဗီတမန်တော်မြတ် ( စွလ္လလ္လာဟု အလိုင်းဟိ ဝစလ္လမ်)မက္ကာဟ်မြို့တော်၌ ရှိနေစဉ်မှာပင် အစ္စလာမ်ဘာသာဝင်များနမာဇ်ဝတ်ပြုကြရန်အမိန့်တော်နှင့်အတူဇကားသ်ပေးကြရန်အမိန့်လည်းကျရောက်ခဲ့သည်ကို တွေ့ရှိရမည် ဖြစ်သည်။ မက္ကီစူရဟ်များကို လေ့လာလျှင် ဤအချက်ကို ထင်ရှားစွာ တွေ့ရမည်ဖြစ်သည်။

သဖ်စီရ်ပညာရှင်( ကုရ်အာန် ကျမ်းတော်မြတ် အ

လင်းပြကျမ်းရှင်)များအနက် ကျော်ကြားသော ပညာရှင်ဖြစ်သည့် အိဗ်နေ့ကဆီးရ်က ယင်းအချက်ကို အကျယ်တဝင့် မိမိ၏အလင်းပြကျမ်း၌ ဖေါ်ပြထားပါသည်။

သို့သော် ဥစ္စာပစ္စည်းမည်မျှပိုင်ဆိုင်လျှင်ဇကားသ်ထိုက်သည်ဆိုသော ပမာဏ၊ မည်မျှပေးရမည် ဟူသောအရေအတွက်၊ မည်သည့်နေရာ၌ သုံးရမည်ဟူသော သတ်မှတ်ချက်၊ မည်သို့ ကောက်ခံရမည်ဟူသော အသေးစိတ်လုပ်ထုံးလုပ်နည်းများသည် နဗီတမန်တော်မြတ် (စွလ္လလ္လာဟု အလိုင်းဟိ ဝစလ္လမ်) မဒီနဟ်ရွှေ့မြို့တော်သို့ ရွှေ့ပြောင်းပြီးနောက်မှတစ်ဖြည်းဖြည်းချင်း အတည်ဖြစ်ခဲ့၏။ ဟိဂျ်ရီ(၂)ခုနှစ်တွင် ဆွဒ်ကသွလ်ဖိသ်ရ် ဝါဂျိဗ်ဖြစ်ခဲ့၏။ နောက်ပိုင်းတွင် မဒီနဟ်မြို့ရှိ အစ္စလာမ်အာဏာပိုင်များမှ ဇကားသ်ကောက်ခံရေးအဖွဲ့၊ အွရှ်ရ်ကောက်ခံရေးအဖွဲ့ဟု စံနစ်တကျ သတ်မှတ်ကာ ဇကားသ်နှင့် အွရှ်ရ်ကောက်ခံခဲ့၏။ ကောက်ခံ၍ ရရှိသောဥစ္စာကို "ဗိုင်သွလ်မားလ်" အစ္စလာမ့်ဘဏ္ဍာ၌ စုစည်းကာ၊ စံနစ်တကျ ဖုကရာ၊ မစာကီးန်(သူဆင်းရဲ)များအား ခွဲဝေပေးခဲ့လေ့ရှိ၏။

ဇကားသ်သည် ဥစ္စာနှင့်ရင်း၍ပြုရသော အိဗာဒသ်(ခဝတ်မှု)တစ်ခု ဖြစ်သည်။ အစ္စလာမ့်အစိုးရ ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ၊ အစ္စလာမ့်ဘဏ္ဍာတော်မှကောက်ခံရန် အစီအစဉ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ချမ်းသာ

သူတိုင်းအပေါ် အခြေအနေတိုင်း၌ ပေးဆောင်ရန် တာဝန် တစ်ရပ်ဖြစ်သည်။ ရှေးယခင်နဗီ တမန်တော်မြတ်များ၏ ရှရီအသ်တရားတော်၌ နမာဇ်နည်းတူ ဇကားသ်ပေးခြင်း သည်လည်းဖရတ်ဇ်ဖြစ်ခဲ့၏။ သို့သော်ထိုစဉ်ကဇကားသ် ငွေကို သူဆင်းရဲတို့အား ပေးပိုင်ခွင့်မရှိခဲ့၊ ကောက်ခံရရှိ လာသော ဥစ္စာများကို တစ်နေရာ၌ စုပုံထားလိုက်ရ၏။ ကောင်းကင်မှ လျှပ်စီးကျလာပြီး ယင်းပစ္စည်းများသည် ပြာကျ သွားလေ့ရှိသည်။ ဤသို့ ဖြစ်သွားခြင်းသည်ပင် ဇကားသ်လက်ခံလိုက်ခြင်း၏ လက္ခဏာဖြစ်ခဲ့၏။

ကျွန်ုပ်တို့ အွမ္မသ်များအဖို့ အလ္လာဟ်အရှင်မြတ် က မိမိကရုဏာတော်ဖြင့် ဇကားသ်ကို သူဆင်းရဲတို့အား ပေးပိုင်ခွင့်ပြုထားပေသည်။ အကယ်၍ လူတိုင်းလူတိုင်း သည် မှန်ကန်တိကျစွာ ဇကားသ်ပေးဆောင်၍ မှန်ကန်တိ ကျသောနေရာ၌အသုံးပြုလျှင် အိမ်နီးချင်းများအတွင်း၊ ထ မင်းငတ်သူ၊ ဝတ်လစ်စလစ်ဖြစ်နေသူ တစ်ဦးတစ်လေမျှ ပင် မရှိနိုင်ပေ။ ဇကားသ်သည် အွမ္မသ်အတွင်းရှိ သူဆင်း ရဲများ၏ အခက်အခဲများကို ဖြေရှင်းရန် အကောင်းဆုံး ဆေးတစ်လက်ဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်။

# ဇကားသ်နှင့်စပ်လျဉ်း၍ပေါ့ဆမှု

---

သို့သော် ဝမ်းနည်းစရာအကြောင်းတစ်ခုမှာ အသိတရားခေါင်းပါးမှုကြောင့် များစွာသော မွတ်စ်လင်မ်များသည် ဇကားသ်ပေးဆောင်ခြင်း မပြုကြ။ ပေးဆောင်ကြသူများမှာလည်း ဆင်းရဲသားများအား ပေးလိုက်လျှင် တာဝန်ကျေပြီဟုထင်ကြသည်။ အမှန်မှာကုရ်အာန်ကျမ်းတော်မြတ်၌ အိတ်ကပ်အတွင်းမှ ထုတ်၍ပေးရုံမျှသာမဟုတ်ဘဲ ထိုက်တန်သူတို့ထံ အရောက်ပို့ ပေးခိုင်းထားသည်ကို ကျွန်ုပ်တို့သတိမမူကြချေ။

“ ايتاء الزكوة ”၏ အဓိပ္ပါယ်သည် ဇကားသ်ထုတ်ကြဟူ၍မဟုတ်၊ ဇကားသ် ပေးဆောင်ကြဟု အဓိပ္ပါယ်ရသည်။ ပေးဆောင်ခြင်းဟု ဆိုရာ၌ ထိုက်တန်သူအား ရောက်အောင်ပို့ပေးခြင်းကို ခေါ်သည်။ ဥပမာ-လူတစ်ယောက်က အခြားလူတစ်ယောက်ကို အကြွေးပေးစရာရှိသည်ဟုဆိုကြပါစို့။ ပေးရမည့်သူသည် အိတ်ကပ်အတွင်းမှငွေကိုထုတ်၍ ပေးရမည့်သူကိုမဟုတ်ဘဲ၊ တွေ့ရသူကို ထင်ရာစိုင်း၍ ပေးလိုက်လျှင် တာဝန်ကျေမည်မဟုတ်။ မြို့ရှင်ကိုရှာ၍ အပိုင်မပေးသရွေ့ တာဝန်မကျေနိုင် သကဲ့သို့

ဇကားသ်ငွေကိုလည်း ပေးထိုက်သူကိုရှာဖွေ၍ ပေးပို့ပေးမှ သာလျှင်ပေးဆောင်ရာမည်၍၊ တာဝန်ကျေမည်ဖြစ်သည်။ သို့မဟုတ်ပါက တာဝန်ကျေမည်မဟုတ်ပေ။

ဇကားသ် ပေးဆောင်ကြသူများသည် ထိုက်တန် သူတို့အား ရှာဖွေခြင်းမပြုဘဲ၊ ဇကားသ်ငွေပေးချေ၍ မိမိ ကိုယ်ကိုတာဝန်ကျေပြီဟုပေါ့ဆ၍ နေတတ်သောကြောင့် ထိုက်တန်သူများသည် ကြိတ်မှိတ်ကာ ဆင်းရဲမှုဒဏ်ကိုအ လူးအလိမ့်ခံရ၍၊ မထိုက်တန်သူများက လက်ဝါးကြီးအုပ် လိုက်ကြသည်ကိုတွေ့မြင်နေရသည်။ ဤသည်ပေးဆောင် သူများ၏ပေါ့ဆမှုကြောင့်သာဖြစ်သည်။

# ဇကားသ်ပေးဆောင်မှုမပြုလျှင် ထိုက်သင့်မည့်အပြစ်ဒဏ်

---

(၁)။ ။ ကုရ်အာန် ကျမ်းတော်မြတ် အစောင်(၁၀)၊ စူရဟ်(၉)၊ အာယသ်တော်(၃၄-၃၅)၌ အလ္လာဟ် အရှင်မြတ်မိန့်ကြားထားသည်မှာ---

وَالَّذِيْنَ يَكْنِزُوْنَ الذَّهَبَ وَالْفِضَّةَ وَلَا يُنْفِقُوْنَهَا
فِيْ سَبِيْلِ اللّٰهِ فَبَشِّرْهُمْ بِعَذَابٍ اَلِيْمٍ ۙ
يَّوْمَ يُحْمٰى عَلَيْهَا فِيْ نَارِ جَهَنَّمَ فَتُكْوٰى
بِهَا جِبَاهُهُمْ وَجُنُوْبُهُمْ وَظُهُوْرُهُمْ ۗ
هٰذَا مَا كَنَزْتُمْ لِاَنْفُسِكُمْ فَذُوْقُوْا
مَا كُنْتُمْ تَكْنِزُوْنَ ۝ (سورۂ توبہ آیت ۳۴،۳۵)

အဓိပ္ပါယ်--ထို့အပြင် အကြင်သူတို့သည် ရွှေ၊ ငွေ၊ (ရတနာ)ပစ္စည်းများကို စုဆောင်းသိုမှီး၍ ထားရှိကြကုန်၏။ သို့ရာတွင် ထိုသူတို့သည် ၎င်း(ရွှေ၊ ငွေ၊ ရတနာများ)ကို အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌သုံးစွဲကြသည်မဟုတ်ပေ။ (အို နဗီတမန်တော်)အသင်သည် ထိုသူတို့အား နာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်ကို ခံကြရမည့်အကြောင်း သတင်းကောင်း ပြောကြားပါလေ။

(ယင်းပြစ်ဒဏ်သည် ၎င်းတို့၌အကြင်နေ့တွင် ကျရောက်အံ့)။ ထိုနေ့တွင်ယင်း ရွှေ ငွေ(ရတနာများ)သည် 'ဂျဟန္နမ်'ငရဲမီးတွင် ဖုတ်မြှိုက်ခြင်းခံရအံ့။ ထို့နောက်ထိုသူတို့၏နဖူးများ(သည်လည်းကောင်း)၊ ထိုသူတို့၏နံဘေးများ(သည်လည်းကောင်း)၊ထိုသူတို့၏ကျောက်ကုန်းများ (သည်လည်းကောင်း) ယင်း(မီးဖုတ်ထားပြီးဖြစ်သော)ရွှေ ငွေဖြင့်တံဆိပ်ခတ်နှိပ်ခြင်း

ကို ခံကြရလတ္တံ့။ (တစ်နည်း)ထို့နောက် ထိုသူတို့၏ နဖူး၊ နံဘေးနှင့် ထိုသူတို့၏ ကျောက်ကုန်းတို့သည် ယင်း(မီးဖုတ်ပြီးဖြစ်သော)ရွှေ ငွေဖြင့် တံဆိပ်ခတ် နှိပ်ခြင်းကို ခံကြရလတ္တံ့။ (ထို့ပြင် ၄င်းတို့အားပြစ် ဒဏ်ပေးသော 'မလာအိကဟ်' ကောင်းကင်တမန် တို့က) "ဤကားအသင်တို့သည်မိမိတို့အဖို့သိုမှီးသိမ်း ဆည်း၍ ထားရှိခဲ့ကြသည့် ရတနာများပင်တည်း။ သို့ဖြစ်ပေရာ (ယခုသော်ကား)အသင်တို့သည် မိမိတို့ သိုမှီး သိမ်းဆည်းခြင်း (၏ပြစ်ဒဏ်)ကို မြည်းစမ်းကြ လေကုန်" (ဟု ပြောဆိုကြကုန်အံ့သတည်း)။

(ကုရ်အာန်ကျမ်းတော်မြတ်အလင်းပြကျမ်း-၁၀၊
စာမျက်နှာ-၂၄၅၊ ၂၄၆။)

(၂)။ ။နဗီတမန်တော်မြတ်(စွလ္လလ္လာဟုအလိုင်းဟိဝ စလ္လမ်)ကအမိန့်ရှိတော်မူသည်မှာ--

ما منع قوم الزكوٰة إلا ابتلاهم الله بالسنين

(مجمع الفوائد ج۱ ص۱۴۳)

အဓိပ္ပါယ်-- ဇကားသ် မထုတ်သောလူမျိုးကို အလ္လာဟ် အရှင်မြတ်သည် ခေါင်းပါးမှု(ဝါ) အရေးကြီးသော အ သုံးအဆောင်ပစ္စည်းများ၏ ဈေးကြီးမြင့်မှုဒဏ်၌ နစ် မွန်းစေတော်မူသည်။

(ဂျမ်အွလ်ဖဝါအိဒ်ကျမ်း၊ အတွဲ-၁၊ စာ-၁၄၃)

(၃)။။နဗီတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
၏အခြားမိန့်ကြားချက်တစ်ရပ်တွင်--

من اتاه الله مالا فلم يؤد زكوته
مثل له ماله يوم القيمة شجاعا
اقرع له زبيبتان يطوقه يوم القيمة
ثم ياخذ بلهزمتيه يعنى بشدقيه
ثم يقول انا مالك انا كنزك

(بخارى شريف ج ١ ص ١٨٨)

အဓိပ္ပါယ်- အလ္လာဟ်အရှင်မြတ်က ပစ္စည်းဥစ္စာပေးထားတော်မူသော သူတစ်ဦးသည် မိမိဥစ္စာပစ္စည်းများအနက်မှ ဇကားသ် ပေးလှူခြင်းမရှိခဲ့လျှင်၊ ကိယာမသ်နေ့၌ ထိုပစ္စည်းဥစ္စာများမှာ မျက်လုံးနှစ်ဘက်အထက်တွင် အမဲစက်ကြီးများရှိသည့် ထိပ်ပြောင် မြွေဆိုးကြီးသဏ္ဍာန်နှင့် ရောက်လာပြီး ထိုသူ၏လည်ပင်းကို ရစ်ပတ်လျက်၊ ထိုသူ့မေးရိုးနှစ်ဘက်ကိုကိုက်ပြီးလျှင်၊ ငါသည် သင်စုဆောင်းသိမ်းထားသော ဥစ္စာပစ္စည်းပင်ဖြစ်သည်ဟု ပြောဆိုပေလိမ့်မည်။

(ဗုခါရီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၁၈၈)

(၄)။ ။တမန်တော်မြတ်(စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ၏အခြားအဆိုတစ်ရပ်၌ "နေ့စဉ်နံနက် ဖရစ်ရှိသဟ် နှစ်ပါးသည် ကောင်းကင်မှဆင်း၍ တစ်ပါးက **အို** အလ္လာဟ်အရှင်မြတ် ရက်ရောစွာ လှူဒါန်းသူကို လှူဒါန်းသော ဥစ္စာပစ္စည်း၏အစား ချီးမြှင့်တော်မူပါ' အခြားတစ်ပါးက 'အို အလ္လာဟ်အရှင်မြတ် စေးနဲသူကို ဖျက်ဆီးမှု ချီးမြှင့်တော်မူပါ' ဟု တောင်းဆိုကြသည်" ကိုမိန့်ကြားထားတော်မူလေသည်။

(ဗုခါရီနှင့်မွတ်စ်လင်မ်ကျမ်း)

(၅)။ ။ တစ်ခါက နဗီတမန်တော်မြတ် (စွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)သည် အမျိုးသမီးနှစ်ဦးအား ရွှေလက်ကောက် ဝတ်ဆင်ထားသည်ကို မြင်တော်မူ၍ "အသင်မတို့ ဤလက်ကောက်များအတွက် ဇကားသ်ပေးဆောင်ကြသလား "ဟု မေးတော်မူရာ သူမတို့က " ဟင့်၊ အင်း မပေးကြပါ "ဟုဖြေကြသည်။ ထိုအခါ တမန်တော်မြတ် (စွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)က "ဤလက်ကောက်အစား မီးနှင့်လုပ်ထားသော လက်ကောက်ကိုဝတ်ချင်ကြသလား"ဟုမေးရာ၊ သူမတို့က "မဝတ်ချင်ကြပါဘူး" ဟုလျှောက်ထားကြ၏။ ထိုအခါကိုယ်တော်မြတ်(စွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က

" သို့ဖြစ်လျှင် ဒီလက်ကောက်များအတွက် ဇကားသ် ပေး ဆောင်ကြ "ဟုမိန့်ကြားတော်မူလေသည်။

(သိရ်မိဇီကျမ်း)

(၆)။ ။ ကိယာမသ်နေ့၌ အလ္လာဟ် အရှင်မြတ်၏ အရ်ရှ်(ပလ္လင်တော်) အောက်တွင် ခိုလှုံခွင့်ရကြမည့် ခုနစ်မျိုးသောသူများတွင် မိမိ၏အခြားလက်ကပင် မသိအောင် တိုးတိုးစွာလှူဒါန်းသူလည်း ပါဝင်ကြောင်း နဗီတမန်တော်မြတ် (စွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်) က ဖေါ်ပြမိန့်ကြား တော်မူထား၏။

(ဗုခါရီကျမ်း)

## မည်သိုသောဥစ္စာမျိုး၌ဇကားသ် ပေးဆောင်ရန်ဖရဇ်ဖြစ်သနည်း။

---

အလ္လာဟ်အရှင်မြတ်သည် လူသားအပေါ် မလှူမနေရ ဥစ္စာဒါနအနည်းငယ်သာသတ်မှတ်ထားကြောင်း ကို သဏ္ဍာမအားဖြင့်သဘောပေါက်ထားသင့်သည်။

ဥစာတိုင်းအပေါ် ဇကားသ်ပေးရန်မလို၊ တိုးပွား လေ့ရှိသော ဥစ္စာများ၌သာ ဇကားသ်ပေးရ၏။ တိုးပွား လေ့ရှိသောဥစ္စာပစ္စည်းများမှာ---

(၁)။ ။ ရောင်းဝယ်ဖေါက်ကားသောပစ္စည်း၊

(၂)။ ။ **စားကျက်ပေါ် ကျက်စားသောတိရိစ္ဆာန်၊**

(၃)။ ။ ရွှေ၊ ငွေ

**စသည်များအပေါ်၌သာ** ဇကားသ်ပေးရ၏။

**ရွှေနှင့်** ငွေကို လက်ဝတ်လက်စားများပြုလုပ်၍ **ဝတ်ဆင်သည်** ဖြစ်စေ၊ **အကောင့်လိုက်** မီးခံသေတ္တာအ တွင်း နှစ်နှင့်ချီ၍ သိမ်းဆည်းထားသည်ဖြစ်စေ၊ အစ္စ လာမ်တရားတော်က ၎င်းတို့ကို ရောင်းဝယ်ဖောက်ကား သောအကြောင်းခံ၊ ရောင်းဝယ်ဖောက်ကားသော ကိရိယာ ဟုပုံသေသတ်မှတ်ထားပါသည်။ ထို့ကြောင့် ရွှေနှင့် ငွေ သည် မည်သည့်အခြေအနေ၌ မည်သည့်ပုံစံနှင့် ဖြစ်စေ ၎င်းအပေါ် ဇကားသ်ပေးရန် ဖရတ်ဇ်ဖြစ်သည်။

အထက်ပါ ပစ္စည်းဥစ္စာသုံးမျိုးအပြင် အိမ်၊ ခြံ၊ မြေ၊ ဆိုင်၊ အိုးခွက်ပုဂံ၊ စားပွဲကုလားထိုင်များနှင့် အခြား အသုံးအဆောင်ပစ္စည်းများ၊ စက်ရုံနှင့် စက်ရုံအတွင်းရှိ စက်ကိရိယာများ၊ ကျောက်သံပတ္တမြားများသည် မည်မျှ ပင်အဖိုးအခကြီးစေကာမူ ၎င်းတို့အပေါ်၌ ဇကားသ်ပေး ရန်တာဝန်မရှိချေ။ သို့သော်ယခုတင်ပြခဲ့သောပစ္စည်းဥစ္စာ

များကို ရောင်းဝယ်ဖောက်ကားမည်ဟု ရည်ရွယ်၍ ဝယ်ထားလျှင် အသုံးအဆောင်ပစ္စည်းမဟုတ်တော့ဘဲ၊ ရောင်းဝယ်သောပစ္စည်း ဖြစ်သွားမည်ဖြစ်သောကြောင့် ယင်းအပေါ်၌ ဇကားသ်ပေးဆောင်ရလိမ့်မည်ဖြစ်သည်။

ဇကားသ် ပေးဆောင်ရာ၌ သဘောပေါက်ထားရမည့် ဒုတိယအချက်တစ်ခုမှာ အထက်၌ တင်ပြခဲ့သော ပစ္စည်းဥစ္စာသုံးမျိုးကို ပိုင်လျှင်ပိုင်ချင်း ဇကားသ် တာဝန်မရှိသေးချေ။ ယင်းပိုင်ဆိုင်သော ပစ္စည်းဥစ္စာမှ လိုသလောက်ကို၊ အပြစ်မဖြစ်သောနေရာ၌ သုံးစွဲ၍၊ ပိုင်ဆိုင်သည့်နေ့မှ တစ်နှစ်ပြည့်သောနေ့ထိ ကျန်ရှိသော ပစ္စည်းဥစ္စာ၏ အပုံ(၄၀)၏(၁)ပုံ၊ တစ်နည်း (၂.၅) ရာခိုင်နှုန်းကို ဇကားသ်အဖြစ်ပေး ဆောင်ရပါသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ဇကားသ်သည် အခွန်ကဲ့သို့ဝင်ငွေအပေါ် ပေးရသည်မဟုတ်၊ သုံးစွဲ၍ ကျန်ရစ်ခဲ့သော အရင်းအနှီးအပေါ် ပေးရသော အလှူမျိုးဖြစ်သည်။ ကျန်ရစ်ခဲ့သော အရင်းအနှီးဟု ဆိုသော်လည်း ယင်းဥစ္စာပစ္စည်းအပေါ်မည်သည့်ချုပ်ချယ်မှုမျှမရှိ၊ ဆိုလိုသည်မှာ နှစ်မကုန်မီ ဤအရင်းအနှီးကို သုံးစွဲလိုက်လျှင် ဇကားသ်ပေးရန်မလိုပေ။

ဇကားသ် ထိုက်သော တစ်ခြားဥစ္စာပစ္စည်း တစ်မျိုးမှာ လယ်လုပ်၍ရသောမြေနှင့် ဥယျာဉ်ထွက်သီးနှံများ

လည်းရှိသေး၏။ သို့သော်ဤဥစ္စာပစ္စည်းများ၌ပေးရသော အလှူကို ဖုကဟာ (အစ္စလာမ့်ဥပဒေပညာရှင်)များ၏ဝေါ ဟာရ၌ 'ဇကားသ်' ဟုမခေါ်ဘဲ 'အွရှ်ရ်' ဟု ခေါ်သည်။ ထို့ကြောင့် ယင်းဥစ္စာပစ္စည်းနှင့်ဆိုင်သောအချက်အလက် များကို ဇကားသ်၏ပညတ်ချက်များ ဟင်ပြပြီးနောက် "အွရှ်ရ်အကြောင်း"ဟူသောခေါင်းစဉ်အောက်၌ တင်ပြပါ မည်။

အထက်၌ တင်ပြခဲ့သောဇကားသ်ထိုက်သောဥစ္စာ ပစ္စည်းသုံးမျိုးအနက် ဒုတိယအမျိုးအစားဖြစ်သော စား ကျက်ပေါ် ကျက်စားသော တိရိစ္ဆာန်များနှင့် သက်ဆိုင် သောပညတ်ချက်များကိုတင်ပြရန်လိုမည်မထင်၊ အဘယ့် ကြောင့်ဆိုသော် ကျွန်ုပ်တို့နိုင်ငံ၌ **လူအနည်းစုကသာ** မွေး မြူကြသောကြောင့်ဖြစ်သည်။

ဤစာအုပ်၌ ရောင်းဝယ်ဖောက်ကားသော ဥစ္စာ ပစ္စည်းနှင့်စပ်လျဉ်းသော ပညတ်ချက်များ၊ **ရွှေ၊ ငွေ၊ ငွေ** စက္ကူနှင့် စပ်လျဉ်းသော ပညတ်ချက်များကို တင်ပြပြီး **အွရှ်ရ်နှင့်**သက်ဆိုင်သော အမိန့်ပညတ်ချက်များကိုတင်ပြ ပါမည်။

ဤနေရာတွင် ထပ်ဆင့် သတိပေးလိုသည်မှာ အစ္စလာမ့်တရားတော်က မည်သည့်ပစ္စည်းဥစ္စာများ၌ ဇ ကားသ်ပေးရမည်ဟု သတ်မှတ်ထားသော်လည်း အောက်

ပါစည်းကမ်းချက်များနှင့်ကိုက်ညီမှသာလျှင် ပေးဆောင်ရမည်။ ယင်းစည်းကမ်းချက်များအနက် တစ်ချက်တစ်လေမျှပင် ပျက်ကွက်ပါက ၄င်းအပေါ်တွင်ပေးဆောင်ရန် တာဝန်မရှိချေ။

# ဇကားသ်ထိုက်သော စည်းကမ်းချက်များ

---

(၁)။ ။ ဇကားသ်ပေးသူသည် မွတ်စ်လင်မ်ဖြစ်ရမည်။ ကာဖိရ်အပေါ် ဇကားသ်တာဝန်မရှိ။

(၂)။ ။အရွယ်ရောက်ပြီးသူဖြစ်ရမည်။ အရွယ်မရောက်သေးသော ကလေးအပေါ်၌ မည်မျှပင် ဥစ္စာပစ္စည်းရှိစေကာမူ ပေးရန်တာဝန်မရှိ၊ ၄င်းကလေးကိုယ်တိုင်က ပေးရန်တာဝန်မရှိသကဲ့သို့၊ ၄င်း၏အုပ်ထိန်းသူ အပေါ်၌လည်း တာဝန်မရှိ။

(ဟိဒါယဟ်ကျမ်း)

(၃)။ ။အသိဉာဏ်ရှိသူဖြစ်ရမည်။ အမြဲရူးသွပ်နေသူ အပေါ် တာဝန်မရှိ။ (ရှာမီကျမ်း)

(၄)။ ။ လွတ်လပ်သူဖြစ်ရမည်။ ငွေဝယ်ကျွန် အပေါ် တာဝန်မရှိ။

(၅)။ ။ မိမိပိုင် ပစ္စည်းဥစ္စာဖြစ်ရမည်။ ဥစ္စာရှိပြီးမိမိ ပိုင်မဟုတ်လျှင် တာဝန်မရှိ။

(ဒွရ်ရိမုခ်သာရ်ကျမ်း၊ အတွဲ-၂)

(၆)။ ။ တရားတော်က သတ်မှတ်ထားသော စံနှုန်း နှင့်အညီအမျှ ဥစ္စာရှိရမည်။ စံနှုန်းထက်နည်းနေလျှင် တာဝန်မရှိ။ (စံနှုန်းကိုရှေ့တွင် အကျယ်တဝင့်ဖေါ်ပြပါမည်)။

(၇)။ ။ယင်းဥစ္စာသည်အရေးကြီးလိုအပ်ချက်ထက် ပိုလျှံသောဥစ္စာဖြစ်ရမည်။ ထို့ကြောင့်လူ့ဘဝ၏ အရေးကြီးလိုအပ်ချက်ဖြစ်သော နေအိမ်၊ ဝတ်ဆင်ရန်အဝတ်အစား၊ သုံးစွဲသောအိုးခွက်ပုဂံ၊ စားပွဲ၊ ကုလားထိုင်၊ ဘီရို၊ စက်တီစုံ၊ အသုံးပြုနေသော မော်တော်ကား၊ စသည်များအပေါ် ဇကားသ်တာ ဝန်မရှိ။

(၈)။ ။ထိုဥစ္စာပစ္စည်းသည် မိမိထံတစ်နှစ်အပြည့်ရှိရမည်။ တစ်နှစ်မပြည့်မီ တာဝန်မရှိ။

(၉)။ ။ထိုဥစ္စာသည် (နာမိ)ဖြစ်ရမည်။ ဆိုလိုသည်မှာ တိုးပွားလေ့ရှိသော ဥစ္စာမျိုးဖြစ်ရမည်။ ဥပမာ–ရောင်းဝယ်ဖောက်ကားနေသော ကုန်ဖြစ်ရမည်။ သို့မဟုတ် ရွှေ၊ ငွေ၊ငွေစက္ကူ(သို့မဟုတ်)ကျက်စားသောတိရိစ္ဆာန်စသည် များဖြစ်ရမည်။ တိုးပွားလေ့မရှိသော ဥစ္စာဖြစ်လျှင်၊ လိုအပ်ချက်ထက် ပိုနေလျှင်လည်းဇကားသ်တာဝန်မရှိ။ ဥပမာ– လူတစ်ဦး၌ အိမ်နှစ်လုံး သုံးလုံးရှိလျှင်၊ (သို့မဟုတ်) ကားနှစ်စီး သုံးစီး ရှိလျှင်၊ (သို့မဟုတ်) အိုးခွက်ပုဂံအပိုရှိလျှင်၊ စားပွဲကုလားထိုင်အပိုရှိလျှင်၊ ယင်းဥစ္စာပစ္စည်းများ အပေါ်၌လည်း ဇကားသ်ပေးရန်တာဝန်မရှိချေ။

အထက်ပါ စည်းကမ်းချက်များကို အသေးစိတ်ရှုစားလိုလျှင် "ဗဒါအိအွစ်ဆွနာအိအ်" နှင့်အခြားဖိကဟ်ကျမ်းများ၌ ရှုစားနိုင်ပါသည်။

ယခု ဆက်လက်၍ ဇကားသ်ထိုက်သော ဥစ္စာများ၏ပညတ်တော်များကို အသေးစိတ်ဖော်ပြပါမည်။

ဇကားသ်ထိုက်သော ဥစ္စာပစ္စည်းသုံးမျိုးရှိသည်။

(၁)။ ရွှေ၊ ငွေ၊

(၂)။ ရောင်းဝယ်ဖောက်ကားသော ဥစ္စာပစ္စည်း၊

(၃)။ စားကျက်ပေါ် ကျက်စားသောတိရိစ္ဆာန်။

# ရွှေနှင့်ငွေ၏ပညတ်ချက်များ

---

(၁)။ ။ ရွှေ၏ဇကားသ် စံနှုန်းသည် (၇ ၁/၂)တိုလာ ခုနစ်တိုလာခွဲ (၅ကျပ်သား၊ ၃ပဲ၊ ၄ရွေး) ဖြစ်သည်။ ငွေ၏ဇကားသ် စံနှုန်းသည် (၅၂ ၁/၂)တိုလာ ငါးဆယ့်နှစ်တိုလာခွဲဖြစ်သည်။

သို့ဖြစ်၍ လူတစ်ဦးထံ ရွှေ(တစ်မျိုးတည်းသာ)ရ ၁/၂ တိုလာ (၅ကျပ်သား၊ ၃ပဲ၊ ၄ရွေး) (သို့မဟုတ်) ငွေ (တစ်မျိုးတည်းသာ)၅၂ ၁/၂ တိုလာရှိ၍ တစ်နှစ်တိတိ ပိုင်ဆိုင်ခဲ့ပါက၊ တစ်နှစ်ပြည့်သောနေ့တွင် ဇကားသ်ပေးရန် ဖရတ်ဖ်ဖြစ်လာ၏။ (ရွှေနှင့်ငွေတစ်မျိုးတည်းကို သာပိုင်ဆိုင်သူ၌)အထက် ပါအလေးချိန် ထက်လျော့နည်းနေလျှင် ဇကားသ် ပေးရန် တာဝန် မရှိ။ အထက်ပါအလေးချိန်ထက် ပိုနေလျှင်လည်း ဇကားသ်ပေးရမည်။

(ဟိဒါယဟ်ကျမ်း၊ အတွဲ-၁)

(၂)။ ။ရွှေနှင့် ပြုလုပ်ထားသော လက်ဝတ်လက်စား၊ အိုးခွက်ပုဂံများ၊ဓာအနားများ၊ငွေနှင့်ပြုလုပ်ထားသော

လက်ဝတ်လက်စားများ၊အိုးခွက်ပုဂံများ၊ဓာအနားများ အပေါ်၌လည်း ဇကားသ်ပေးရန်တာဝန်ရှိသည်။ ယင်းအရာများကို လက်ရှိအသုံးပြုနေ သည်ဖြစ်စေ၊ မီးခံသေတ္တာအတွင်း အနှစ်နှစ်အလလ သိမ်းဆည်းထားသည်ဖြစ်စေအတူတူပင်ဖြစ်သည်။ ခြုံ၍ဆိုရလျှင် ရွှေ၊ ငွေဖြင့်ပြုလုပ်ထားသော အရာတိုင်းအပေါ် ဇကားသ် ပေးရန်ဖရတ်ဇ်ဖြစ်သည်။ သို့သော်(အခြားရောင်းဝယ်ဖောက်ကားသောပစ္စည်းနှင့် ငွေစက္ကူလုံးဝမရှိသူအဖို့) အထက်ပါစံနှုန်းထက် လျော့နည်းနေလျှင် ဇကားလ်တာဝန်မရှိ။

(ဟိဒါယဟ်ကျမ်း၊ အတွဲ-၁)

(၃)။ ။ရွှေနှင့်ငွေအစစ်မဖြစ်လျှင်၊ အခြားအရာတစ်မျိုးမျိုးနှင့်ရောနေလျှင် လွှမ်းမိုးသောအရာကို အတည်ယူရမည်။ ရွှေကလွှမ်းမိုးလျှင် ရွှေဟုသတ်မှတ်၍ ငွေကလွှမ်းမိုးလျှင် ငွေဟုသတ်မှတ်ပြီး ဇကားသ်ပေးရမည်။ ဥပမာ- ရွှေတစ်ကျပ်သား၌ ရွှေအစစ် ၃ပဲသာရှိပြီး ကြေး၁၃ပဲရှိလျှင် ၄င်းကိုရွှေဟုမဆိုနိုင်။ ထို့ကြောင့် (ယင်းအရာကို ရောင်းဝယ်ဖောက်ကားရန် ရည်ရွယ်ချက်မရှိလျှင်)ယင်းအရာအပေါ်ဇကားသ်ပေးရန်မလို။

(၄)။ ။လူတစ်ဦးထံ ရွှေ ခုနစ်တိုလာခွဲ အပြည့်မရှိ၊ ငွေ ငါးဆယ့်နှစ်တိုလာခွဲလည်း အပြည့်မရှိ၊ ရွှေအနည်းငယ်နှင့်ငွေအနည်းငယ်စီသာရှိလျှင် ၎င်းတို့ကိုပေါက်ဈေးဖြင့် တွက်ကြည့်ရမည်။ ၎င်းတို့နှစ်မျိုး၏တန်ဘိုးသည် ငွေငါးဆယ့်နှစ်တိုလာခွဲ၊ သို့မဟုတ် ရွှေခုနစ်တိုလာခွဲ၊ ယင်းနှစ်မျိုးအနက် တန်ဘိုးနည်းရာ၏တန်ဘိုးနှင့်ညီမျှလျှင် ဇကားသ်ပေးရမည်။ အကယ်၍ ထိုမျှမရှိလျှင် ဇကားသ်ပေးရန်မလို။

**မှတ်ချက်**။ ။ ရွှေခုနစ်တိုလာခွဲနှင့် ငွေငါးဆယ့်နှစ်တိုလာခွဲကို စံနှုန်းသတ်မှတ်ခြင်းဆိုသည်မှာ- ယင်းနှစ်မျိုးအနက်ဈေးနည်းရာ တစ်မျိုး၏တန်ဘိုးနှင့် ညီမျှခြင်းကိုဆိုလို၏။ ဥပမာ- ယခုခေတ်အခါမျိုးတွင် ငွေဈေးနည်းနေ၍ ငွေကိုစံနှုန်း သတ်မှတ်ရမည်။ နောင်နှစ်တစ်ရာပြည့်သောအခါ ငွေဈေးများ၍ ရွှေဈေးနည်းနေပါက ထိုအခါမျိုးတွင် ရွှေကိုစံနှုန်းအဖြစ် သတ်မှတ်ရမည်။

(၅)။ ။လူတစ်ဦးသည် ငွေငါးဆယ့်နှစ်တိုလာခွဲ သို့မဟုတ် ထို့ထက်ပို၍ ပိုင်ဆိုင်ခဲ့၏။ နှစ်မကုန်မီ ထပ်၍ ငွေနှစ်တိုလာ၊ လေးတိုလာတိုးလာလျှင်၊ (သို့မဟုတ်)

ရွှေတစ်ဆယ်တိုလာ တိုးလာလျှင် ၎င်းတို့ကို သီးခြား မတွက်ရ၊ အထက်ပါငွေ၏နှစ်ပြည့်လျှင် ယခုထပ်ဝင် လာသော ရွှေနှင့်ငွေအပေါ်၌လည်း နှစ်ပြည့်ပြီးဟု သတ်မှတ်ကာ၊ ယင်းအတွက်ပါ ဇကားသ်ပေးရန် ဖရတ်ဇ်ဖြစ်သွားမည်။

(ဟိဒါယဟ်ကျမ်း၊ အတွဲ-၁)

(၆)။ ။လူတစ်ဦးသည် ရွှေ ခုနစ်တိုလာခွဲသို့မဟုတ် ထို့ ထက်ပို၍ ပိုင်ဆိုင်ခဲ့၏။ နှစ်မကုန်မီထပ်၍ ရွှေနှစ်တို လာ၊ လေးတိုလာ တိုးလာလျှင်(သို့မဟုတ်) ငွေလေး ဆယ်တိုလာတိုးလာလျှင် ၎င်းတို့ကို သီးခြားမတွက် ရ။ အထက်ပါ ရွှေ၏နှစ်ပြည့်လျှင် ယခုထပ်ဝင်လာ သောရွှေနှင့်ငွေအပေါ်၌လည်း နှစ်ပြည့်ပြီးဟု သတ် မှတ်ကာ ယင်းအတွက်ပါ ဇကားသ်ပေးရန် ဖရတ်ဇ် ဖြစ်သွားမည်။

**(ဟိဒါယဟ်ကျမ်း၊ အတွဲ-၁)**

**(ရ)**။ ။(ယခုခေတ်၌ ရွှေထက် **ငွေဈေးနှုန်း**နည်းနေ၍)လူ **တစ်ဦး**၌ ငွေငါးဆယ့်နှစ်တိုလာခွဲနှင့် ညီမျှသော ငွေ **စက္ကူ**ရှိသည်၊ (သို့မဟုတ်) ထို့ထက်ပို၍ရှိ၏။ (ကမရီ **နှစ်**)အစ္စလာမ့်ခုနှစ်ဖြင့် **နှစ်မကုန်မီ** တစ်ရက်နှစ်ရက်

အလိုတွင် ငွေထပ်မံရရှိပါက၊ ၄င်းကိုသီးခြားမတွက်ရ၊ အထက်ပါငွေ၏နှစ်ပြည့်လျှင် ယခုဝင်လာသောငွေအပေါ်၌လည်း နှစ်ပြည့်ပြီဟု သတ်မှတ်ကာ၊ ယင်းငွေအတွက်ပါ ဇကားသ်ပေးရန်ဖရတ်ဇ် ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် နှစ်အလယ်၌ ဥစ္စာပစ္စည်းတိုးပွားခြင်း၊ လျော့နည်းခြင်းဖြင့် ဇကားသ်အပေါ် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိ။ နှစ်ကုန်သောအခါ လက်ကျန်ပစ္စည်းဥစ္စာ အားလုံးအပေါ် ဇကားသ်ပေးရမည်။ ဆိုကြပါစို့-လူတစ်ဦးသည် ငွေတစ်သောင်းငါးထောင်ကို တစ်နှစ်လုံး ပိုင်ဆိုင်ခဲ့၏။ သို့မဟုတ် ငွေကျပ်တစ်သောင်းငါးထောင်နှင့် ညီမျှသော ရွှေသို့မဟုတ် ငွေကိုပိုင်ဆိုင်ခဲ့၏။ သို့သော် နှစ်မကုန်မီ နှစ်ရက်အလို သို့မဟုတ် တစ်ရက်အလို၌ ငွေကျပ်နှစ်သောင်း သို့မဟုတ် ဤတန်ဘိုးနှင့်ညီမျှသော ရွှေသို့မဟုတ် ငွေကိုရရှိလိုက်ပါက ထိုသူသည် ငွေကျပ်သုံးသောင်းငါးထောင်အပေါ် ဇကားသ် ပေးရလိမ့်မည်။

၈)။ ။ဝတ်ဆင်သော အဝတ်အစားသည် မည်မျှပင်တန်ဘိုး ကြီးမားသော်လည်း ယင်းအဝတ်အစားအပေါ် ဇကားသ်ပေးရန် တာဝန်မရှိ၊ သို့သော် ယင်းအဝတ်အ

စားအပေါ်၌ ရွှေနားငွေနားကွပ်ထားပါက ယင်းရွှေနှင့်ငွေကိုခန့်မှန်း၍ ၄င်းအတွက်ဇကားသ်ပေးရန် တာဝန်ရှိသည်။ ဥပမာ-မဖြူ၌ငွေရှစ်ဆယ်တိုလာရှိသည်၊ သူမအဝတ်အစား၌လည်း ငွေဆယ်တိုလာခန့် ကွပ်ထားလျှင် မဖြူသည်ငွေ ကိုးဆယ်တိုလာအပေါ် ဇကားသ်ပေးရန် ဖရတ်ဇ်တာဝန်ဖြစ်သည်။

(ဒွရ်ရိမွခ်သာရ်ကျမ်း၊ ရှာမိကျမ်း)

# လက်ငင်းငွေ၏ပညတ်ချက်

---

နိုင်ငံတစ်နိုင်ငံ၌ သုံးစွဲနေသောငွေသည် ငွေဒင်္ဂါးဖြစ်စေ၊ ဘော်ဖြင့်ပြုလုပ်ထားသော ဒင်္ဂါးဖြစ်စေ၊ စက္ကူဖြင့် ပြုလုပ်ထားသည်ဖြစ်စေ၊ ယင်းသုံးစွဲနေသော လက်ငင်းငွေအပေါ် (သတ်မှတ်ထားသော စံနှုန်းမျှရှိလျှင်) ဇကားသ်ပေးရန် ဖရတ်ဇ်ဖြစ်သည်။

(ရှာမိကျမ်း)

(၁)။ ။လူတစ်ဦးထံ ငွေငါးဆယ့်နှစ်တိုလာခွဲ သို့မဟုတ် ရွှေခုနစ်တိုလာခွဲ၏ တန်ဘိုးနှင့်ညီမျှသော လက်ငင်း

ငွေရှိပါက (ရွှေနှင့်ငွေလုံးဝမရှိသော်လည်း) ထိုသူ့အပေါ် ဇကားသ်ပေးရန် ဖရတ်ဇ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လက်ငင်းငွေသည် ရွှေနှင့်ငွေ ကဲ့သို့ခိုင်မာသောကြောင့် ၎င်းတို့၏ အမိန့်ပညတ်ချက်အတိုင်းဖြစ်သည်။

(ရှာမီကျမ်း)

(၂)။ ။လူတစ်ဦးထံလက်ငင်းပိုက်ဆံအနည်းငယ်၊ ရွှေအနည်းငယ်နှင့် ငွေအနည်းငယ်စီရှိ၏။ ဆိုလိုသည် မှာ ရွှေသည်ဇကားသ်ထိုက်လောက်အောင် ခုနစ်တိုလာခွဲမရှိ၊ ငွေလည်း စံနှုန်းအတိုင်း ငါးဆယ့်နှစ်တိုလာခွဲမရှိလျှင်၊ ထိုရွှေ၊ ငွေနှင့်လက်ငင်းပိုက်ဆံတို့ကိုပေါင်းလိုက်ပါက ငွေငါးဆယ့်နှစ်တိုလာခွဲသို့မဟုတ် ရွှေခုနစ်တိုလာခွဲအနက် နည်းရာ၏တန်ဘိုးနှင့် ညီမျှနေပါက ဇကားသ်ပေးရမည်။ ယင်းတန်ဘိုးထက် နည်းနေလျှင် မပေးရချေ။

(ဒွရ်ရိမွခ်သာရ်ကျမ်း)

**မှတ်ချက်**။ ။အထက်ပါကိစ္စကို ဥပမာများဖြင့်တင်ပြပါမည်။

ဥပမာ(က)---(ဆိုကြပါစို့)

ဟစ်ဂျ်ရီ၁၃၁၅ခုနှစ်

ရွှေဈေးတစ်ကျပ်သား = ၂၀၀၀ကျပ်

ငွေဈေးတစ်တိုလာ = ၁၀၀ကျပ်

တရားတော်၏သတ်မှတ်ချက်စံနှုန်း–

ရွှေခုနစ်တိုလာခွဲ

ငွေငါးဆယ့်နှစ်တိုလာခွဲ

ကျွန်ုပ်တို့နိုင်ငံ၌ ရွှေကိုကျပ်သားနှင့်ရောင်းဝယ်ကြသဖြင့် တိုလာကိုကျပ်သားဖွဲ့ရမည်။

ရွှေ ၇ ၁/၂တိုလာ = ၅ကျပ်သား၃ပဲ၄ရွေး

ရွှေ ၅ကျပ်၃ပဲ၄ရွေး × ၂၀၀၀ကျပ်နှုန်း = ၁၀၄၃၈

ငွေ ၅၂ ၁/၂တိုလာ ×၁၀၀ကျပ်နှုန်း = ၅၂၅၀

ယခုနှစ် ရွှေဈေးကြီးနေ၍ ငွေကိုစံနှုန်းထား၍တွက်ရမည်။

မောင်ညို၏ပိုင်ဆိုင်မှုစာရင်း–

| | | |
|---|---|---|
| ရွှေ ၁/၄ ကျပ်သား | × ၂၀၀၀ကျပ်နှုန်း | = ၅၀၀–၀၀ |
| ငွေ ၈ တိုလာ | × ၁၀၀ကျပ်နှုန်း | = ၈၀၀–၀၀ |
| ငွေလက်ငင်းရှိပမာဏ | | = ၂၀၀၀–၀၀ |
| ဈေးဗန်းထဲ၌ရောင်းဝယ်သောပစ္စည်းဘိုး | | = ၄၀၀၀–၀၀ |
| သူငယ်ချင်းထံမှရရန်ငွေတန်ဘိုး | | = ၂၀၀–၀၀ |
| စုစုပေါင်းပိုင်ဆိုင်မှု | | = ၇၅၀၀–၀၀ |

မောင်ညိုသည်ငွေစံနှုန်း(၅၂ ၁/၂)တိုလာ၏ တန်ဘိုး ၅၂၅၀ကျပ်ထက်ပို၍ပိုင်ဆိုင်မှုရှိ၍ဇကားသ်ပေးရမည်။

ဇကားသ်သည်ငွေ(၄၀)ကျပ်လျှင်(၁)ကျပ်နှုန်းပေး ရ၏။ ငွေတစ်ရာလျှင်နှစ်ကျပ်ခွဲနှုန်းပေးရ၏။

ထို့ကြောင့် မောင်ညိုသည် ၄င်း၏ပိုင်ဆိုင်မှု (ရ၅၀၀)ကျပ်အတွက် ၁၈ရကျပ်၅၀ပြားပေးရမည်။

---

ဥပမာ(ခ)---(ဆိုကြပါစို့)

ဟစ်ဂျ်ရီ ၁၂၂၀ ခုနှစ်

ရွှေဈေး တစ်ကျပ်သားလျှင် ၅၀၀ကျပ်

ငွေဈေး တစ်တိုလာလျှင် ၁၀၀၀ကျပ်

တရားတော်၏သတ်မှတ်ချက်စံနှုန်း-

ရွှေခုနစ်တိုလာခွဲ

ငွေငါးဆယ့်နှစ်တိုလာခွဲ

ကျွန်ုပ်တို့နိုင်ငံ၌ ရွှေကိုကျပ်သားနှင့် ရောင်းဝယ် ကြသဖြင့် တိုလာကို ကျပ်သားဖွဲ့ရမည်။

ရွှေ (ရ ၁/၂)တိုလာ = ၅ကျပ်သား၃ပဲ၄ရွေး

ရွှေ ၅ကျပ်သား၃ပဲ၄ရွေး × ၅၀၀ကျပ်နှုန်း = ၂၆၁၀

ငွေ (၅၂ ၁/၂)တိုလာ × ၁၀၀၀ကျပ်နှုန်း =၅၂၅၀၀

ယခုနှစ်ငွေဈေးမြင့်နေ၍ရွှေကိုစံနှုန်းထား၍တွက်ရမည်။

မနင်းရီ၏ပိုင်ဆိုင်မှုစာရင်း

ရွှေ ၂ ကျပ်သား × ၅၀၀ကျပ်နှုန်း = ၁၀၀၀-၀၀

ငွေ ၁၀ တိုလာ × ၁၀၀၀ကျပ်နှုန်း =၁၀၀၀၀-၀၀

| | |
|---|---|
| ငွေလက်ငင်းရှိပမာဏ | = ၅၀၀-၀၀ |
| | ၁၁၅၀၀-၀၀ |
| မောင်လေးအားအကြွေးပေးရမည့်ငွေ | -၁၀၀၀၀-၀၀ |
| မိမိကိုယ်ပိုင်အဖြစ်ကျန်ရှိသောငွေ | = ၁၅၀၀-၀၀ |

မနှင်းရီသည်ရွှေစံနှုန်း ၅ကျပ်သား၃ပဲ၄ရွေး၏တန်ဖိုး(၂၆၁၀)ကျပ်ကို မီလောက်အောင် ပိုင်ဆိုင်မှုမရှိသောကြောင့် ဇကားသ်ပေးရန်မလို။

---

ဥပမာ(ဂ)---(ဆိုကြပါစို့)

ဟစ်ဂျ်ရီ ၁၄၀၀ ခုနှစ်

| | | |
|---|---|---|
| ရွှေဈေး တစ်ကျပ်သား | = | ၁၀၀၀၀ကျပ် |
| ငွေဈေး တစ်တိုလာ | = | ၁၅၀ကျပ် |

တရားတော်၏သတ်မှတ်ချက်စံနှုန်း-

ရွှေခုနစ်တိုလာခွဲ

ငွေငါးဆယ့်နှစ်တိုလာခွဲ

ကျွန်ုပ်တို့နိုင်ငံ၌ ရွှေကို ကျပ်သားနှင့် ရောင်းဝယ်ကြသဖြင့် တိုလာကို ကျပ်သားဖွဲ့ရမည်။

| | | |
|---|---|---|
| ရွှေခုနစ်တိုလာခွဲ | = | ၅ကျပ်၃ပဲ၄ရွေး |
| ရွှေ၅ကျပ်၃ပဲ၄ရွေး ၁၀၀၀၀ကျပ်နှုန်း | = | ၅၂၁၈၈ကျပ် |
| ငွေငါးဆယ့်နှစ်တိုလာခွဲ ၁၅၀ကျပ်နှုန်း | = | ၇၈၇၅ကျပ် |

ယခုနှစ်ရွှေဈေးမြင့်နေ၍ငွေကိုစံနှုန်းထားပြီးတွက်ရမည်။

အီစာ၏ပိုင်ဆိုင်မှုစာရင်း:-

| | |
|---|---|
| ရွှေ ၅ကျပ်၃ရွေး | ၁၀၀၀၀ကျပ်=၅၀၂၃၅-၀၀ |
| ငွေ လက်ငင်းရှိပမာဏ | =၂၀၀၀၀-၀၀ |
| အကြိုထံမှရစရာငွေ | =၃၀၀၀၀-၀၀ |
| ဈေးဗန်း၌ရှိပစ္စည်းတန်ဘိုး | =၂၀၀၀၀-၀၀ |
| စုစုပေါင်းပိုင်ဆိုင်မှု | =၁၂၀၂၃၅-၀၀ |

အီစာသည် ငွေငါးဆယ့်နှစ်တိုလာခွဲ၏ တန်ဘိုး (ရစရှိ) လက်ပို၍ပိုင်ဆိုင်သဖြင့်ဇကားသ်ပေးရမည်။

ငွေ(၄၀)ကျပ်လျှင်တစ်ကျပ်ပေးရမည်၊ ငွေတစ်ရာလျှင်၂ကျပ်၅၀ပြားပေးရမည်။ အီစာသည်မိမိပိုင်ဆိုင်မှုအပေါ် စုစုပေါင်းဇကားသ်ငွေ(၃၀၀၆)ကျပ် ပေးရပါမည်။

---------------------------------

ဥပမာ(ဃ)---(ဆိုကြပါစို့)

ဟစ်ဂျ်ရီ ၈၅၅ ခုနှစ်

| | | |
|---|---|---|
| ရွှေဈေးတစ်ကျပ်သား | = | ၈၀-၀၀ |
| ငွေဈေးတစ်တိုလာ | = | ၁၂၀-၀၀ |

တရားတော်၏သတ်မှတ်ချက်စံနှုန်း:-

ရွှေခုနစ်တိုလာခွဲ

ငွေငါးဆယ့်နှစ်တိုလာခွဲ

ကျွန်ုပ်တို့နိုင်ငံ၌ ရွှေကိုကျပ်သားဖြင့် ရောင်းဝယ်ကြသဖြင့် တိုလာကို ကျပ်သားဖွဲ့ရမည်။

| | | | |
|---|---|---|---|
| ရွှေခုနစ်တိုလာခွဲ | | | =၅ကျပ်၃ပဲ၄ရွေး |
| ရွှေ၅ကျပ်၃ပဲ၄ရွေး | × | ၈၀ကျပ်နှုန်း | = ၄၁၈-၀၀ |
| ငွေငါးဆယ့်နှစ်တိုလာခွဲ | × | ၁၂၀ကျပ်နှုန်း | = ၆၃၀၀-၀၀ |

ယခုနှစ်ငွေဈေးမြင့်နေ၍ရွှေကိုစံနှုန်းထားတွက်ရမည်။

ဟာသိမ်ဟ်၏ပိုင်ဆိုင်မှုစာရင်း-

| | | | |
|---|---|---|---|
| ရွှေ ၂ကျပ်သား | × | ၈၀ကျပ်နှုန်း | = ၁၆၀-၀၀ |
| ငွေလက်ငင်း | | | = ၃၀၀-၀၀ |
| အဒေါ်ကိုချေးထားငွေ | | | = ၁၀၀၀-၀၀ |
| မိမိပိုင်ဆိုင်မှုအဖြစ်ကျန်ရှိငွေ | | | = ၁၄၆၀-၀၀ |

ဟာသွမဟ်သည် ရွှေခုနစ်တိုလာခွဲ၏တန်ဘိုး (၄၁၈) ထက်ပို၍ပိုင်ဆိုင်သဖြင့် ဇကားသ်ပေးရမည်။

ငွေ(၄၀)ကျပ်လျှင်တစ်ကျပ်နှုန်း ငွေတစ်ရာလျှင် ၂ကျပ်၅၀ပြားဇကားသ်ပေးရမည်။ဤနှုန်းအရဟာသွမဟ်သည်မိမိပိုင်ဆိုင်မှုအပေါ် ၃၆ကျပ်၅၀ပြားပေးရပါမည်။

---

ဥပမာ(င)---(ဆိုကြပါစို့)

ဟစ်ဂျ်ရီ ၁၄၁၃ ခုနှစ်

ရွှေဈေးတစ်ကျပ်သား = ၂၅၀၀၀ကျပ်

ငွေဈေးတစ်တိုလာ = ၂၅၀ကျပ်

တရားတော်၏သတ်မှတ်ချက်စံနှုန်း–

ရွှေခုနစ်တိုလာခွဲ

ငွေငါးဆယ့်နှစ်တိုလာခွဲ

ကျွန်ုပ်တို့နိုင်ငံ၌ ရွှေကိုကျပ်သားဖြင့် ရောင်းဝယ်ကြသဖြင့် တိုလာကို ကျပ်သားဖွဲ့ရမည်။

ရွှေခုနစ်တိုလာခွဲ = ၅ကျပ်၃ပဲ၄ရွေး

ရွှေ ၅ကျပ်၃ပဲ၄ရွေး × ၂၅၀၀၀ကျပ်နှုန်း= ၁၃၀၄၆၈–၇၅

ငွေငါးဆယ့်နှစ်တိုလာခွဲ × ၂၅၀ကျပ်နှုန်း= ၁၃၁၂၅

ယခုနှစ်ရွှေဈေးမြင့်နေ၍ငွေကိုစံနှုန်းထားတွက်ရမည်။

ယူစွဖ်၏ပိုင်ဆိုင်မှုစာရင်း–

| | |
|---|---|
| မိမိပိုင်စတိုးဆိုင်မှရောင်းဝယ်ပစ္စည်းတန်ဘိုး | =၂၀၀၀၀၀၀ |
| ရွှေ ၁၅ကျပ်သား × ၂၅၀၀၀ကျပ်နှုန်း | = ၃၇၅၀၀၀ |
| ငွေလက်ငင်းရှိပမာဏ | =၂၂၀၀၀၀၀ |
| စုစုပေါင်းငွေပမာဏ | =၄၅၇၅၀၀၀ |
| ကုမ္ပဏီတစ်ခုကိုပေးရန်အကြွေး | –၄၀၀၀၀၀၀ |
| မိမိပိုင်ဆိုင်မှုအဖြစ်ကျန်ရှိငွေ | = ၅၇၅၀၀၀ |

ယူစွဖ်သည် ငွေငါးဆယ့်နှစ်တိုလာခွဲ၏ တန်ဘိုး

(၁၃၁၂၅)ထက်ပို၍ပိုင်ဆိုင်မှုရှိသဖြင့်ဇကားသ်ပေးရမည်။ ငွေ(၄၀)ကျပ်လျှင် တစ်ကျပ်၊ ငွေတစ်ရာလျှင် ၂ကျပ်၅၀ ပြားနှုန်းဇကားသ် ပေးရမည်။ ဤနှုန်းအရ ယူစွဖ်သည် မိမိပိုင်ဆိုင်မှုအပေါ် (၁၄၃ရ၅)ဇကားသ်ပေးရမည်။

---

ဥပမာ(စ)---(ဆိုကြပါစို့)

ဟစ်ဂျ်ရီ ၁၄၁၄ ခုနှစ်

ရွှေဈေးတစ်ကျပ်သား = ၂၆၀၀၀ကျပ်

ငွေဈေးတစ်တိုလာ = ၂၆၀ကျပ်

တရားတော်၏သတ်မှတ်ချက်စံနှုန်း-

ရွှေခုနစ်တိုလာခွဲ

ငွေငါးဆယ့်နှစ်တိုလာခွဲ

ကျွန်ုပ်တို့နိုင်ငံ၌ ရွှေကိုကျပ်သားဖြင့် ရောင်းဝယ်ကြသဖြင့် တိုလာကို ကျပ်သားဖွဲ့ရမည်။

ရွှေခုနစ်တိုလာခွဲ = ၅ကျပ်၃ပဲ၄ရွေး

ရွှေ၅ကျပ်၃ပဲ၄ရွေး × ၂၆၀၀၀ကျပ်နှုန်း= ၁၃၅၆၈ရ-၅၀

ငွေငါးဆယ့်နှစ်တိုလာခွဲ × ၂၆၀ကျပ်နှုန်း= ၁၃၆၅၀

ယခုနှစ်ရွှေဈေးမြင့်နေ၍ငွေကိုစံနှုန်းထား၍တွက်ရမည်။

အိမ်ရာဟိုးမ်၏ပိုင်ဆိုင်မှုစာရင်း-

| | |
|---|---|
| ကွမ်းယာရောင်းဗန်း**ပေါ်ရှိပစ္စည်း**တန်ဘိုး | = ၆၀၀၀-၀၀ |
| ငွေလက်ငင်းရှိပမာဏ | = ၂၉၃၆-၀၀ |
| ဖာရှူးကိထံမှရရန်ငွေ | = ၅၄၂၈-၀၀ |
| ရွှေ ၁/၄ကျပ်သား × ၂၆၀၀၀ကျပ်နှုန်း | = ၆၅၀၀-၀၀ |
| စုစုပေါင်းငွေပမာဏ | = ၂၀၈၆၄-၀၀ |
| အဟ်မဒ်ကိုပေးရန်အကြွေးငွေ | -၇၀၀၀-၀၀ |
| မိမိပိုင်ဆိုင်မှုအဖြစ်ကျန်ရှိငွေ | =၁၃၈၆၄-၀၀ |

အိဗ်ရာဟ့်ီးမ်သည် ငွေငါးဆယ့်နှစ်တိုလာခွဲ၏ တန်ဘိုး(၁၃၆၅၀)ထက်သိသိလေး ပို၍ပိုင်ဆိုင်မှုရှိသဖြင့် ဇကားသ်ပေးရမည်။ ငွေ(၄၀)ကျပ်လျှင် တစ်ကျပ် ပေးရမည်၊ ငွေတစ်ရာလျှင် ၂ကျပ်၅၀ပြားနှုန်းဇကားသ် ပေးရမည်။ ဤနှုန်းအရ အိဗ်ရာဟီးမ်သည် မိမိပိုင်ဆိုင်မှုအပေါ် (၃၄၆ကျပ်၆၀ပြား)ဇကားသ်ပေးရပါမည်။

---

ဥပမာ(ဆ)---(ဆိုကြပါစို့)

ဟစ်ဂျ်ရီ ၁၄၁၅ ခုနှစ်

| | | |
|---|---|---|
| ရွှေဈေး တစ်ကျပ်သား | = | ၂၇၀၀၀ကျပ် |
| ငွေဈေး တစ်တိုလာ | = | ၂၇၅ကျပ် |

တရားတော်၏သတ်မှတ်ချက်စံနှုန်း–

ရွှေခုနစ်တိုလာခွဲ

ငွေငါးဆယ်နှစ်တိုလာခွဲ

ကျွန်ုပ်တို့နိုင်ငံ၌ ရွှေကိုကျပ်သားဖြင့် ရောင်းဝယ်ကြသဖြင့် တိုလာကို ကျပ်သားဖွဲ့ရမည်။

ရွှေခုနစ်တိုလာခွဲ = ၅ကျပ်သား၃ပဲ၄ရွေး

၅ကျပ်၃ပဲ၄ရွေး × ၂၇၀၀၀ကျပ်နှုန်း = ၁၄၀၉၀၆–၂၅

ငွေငါးဆယ့်နှစ်တိုလာခွဲ× ၂၇၅ကျပ်နှုန်း= ၁၄၄၃၇–၅၀

ယခုနှစ်ရွှေဈေးမြင့်နေ၍ငွေကိုစံနှုန်းထား၍တွက်ရမည်။

အဗ္ဗဒ္ဒလ္လာဟ်၏ပိုင်ဆိုင်မှုစာရင်း–

| | |
|---|---|
| ဆိုင်ပေါ်ရှိပစ္စည်းတန်ဘိုး | = ၂၀၀၀၀–၀၀ |
| ငွေလက်ငင်းရှိပမာဏ | = ၂၃၁၁–၀၀ |
| ရွှေ ၁/၂ကျပ်သား × ၂၇၀၀၀ | = ၁၃၅၀၀–၀၀ |
| ဆိုင်အတွက်စပေါ်တင်ထားငွေ | = ၅၀၀၀၀–၀၀ |
| စုစုပေါင်းပိုင်ဆိုင်မှု | = ၈၅၈၁၁–၀၀ |
| မှုဆာကိုပေးရန် | – ၈၂၀၀၀–၀၀ |
| မိမိပိုင်ဆိုင်မှုအဖြစ်ကျန်ငွေ | = ၁၃၈၁၁–၀၀ |

အဗ္ဗဒ္ဒလ္လာဟ်သည် ငွေငါးဆယ့်နှစ်တိုလာခွဲ၏ တန်ဘိုး (၁၄၄၃၇ကျပ်၅၀ပြား)မျှ ပိုင်ဆိုင်မှုမရှိ၍ ဇကားသ်ပေးရန်မလို။

(၃)။ ။လူတစ်ဦး၌ ရွှေတစ်ကျပ်သားရှိ၏။ ယင်းအပြင် ငွေလည်းမရှိ၊ လက်ငင်းငွေတစ်ကျပ်မျှပင်မရှိလျှင် ထိုသူသည် ဇကားပေးရန်မလို၊ အဘယ်ကြောင့်ဆိုသော် ရွှေချည်းသာရှိလျှင်၊ သို့မဟုတ် ငွေချည်းသာရှိလျှင် အလေးချိန်ကို စံနှုန်းထားရသောကြောင့် ဖြစ်သည်။ (ရွှေရှိ၍ငွေလက်ငင်း တစ်ကျပ်ပင်မရှိသူဟူ၍ မရှိနိုင်၊ ရွှေတစ်ကျစ်သားနှင့်အတူ ငွေလက်ငင်း တစ်ကျပ်ရှိလျှင်နှစ်မျိုးပေါင်းကာဇကားသ်ပေးရလိမ့်မည်။)

(၄)။ ။လူတစ်ဦး၌ ငွေသုံးသောင်းရှိ၏။ နှစ်မကုန်မီ ငွေနှစ်သောင်းထပ်မံ ဝင်လာလျှင်၊ နှစ်ကုန်သောအခါ ငွေငါးသောင်းအတွက် ဇကားသ်ပေးရမည်။ နောက်မှဝင်လာသောငွေနှစ်သောင်းကိုသီးခြားမခွဲဘဲ ငွေငါးသောင်းစလုံးအပေါ် နှစ်ကုန်ပြီးဟုတွက်ရမည်။

(ဟိဒါယဟ်ကျမ်း)

# ကောင်းဝယ်ဖေါက်ကားသော ပစ္စည်း၏ပညပ်ချက်

ရောင်းဝယ် ဖေါက်ကားသော ပစ္စည်းဆိုသည်မှာ ဈေးပိုရလျှင်ပြန်ရောင်းမည်ဟု ရည်ရွယ်၍ ဝယ်ထားသော ပစ္စည်းကိုခေါ်သည်။

ရောင်းဝယ်ဖေါက်ကားသောပစ္စည်း၏စံနှုန်းသည် ငွေလက်ငင်း၏စံနှုန်းအတိုင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ ယင်းပစ္စည်းအားလုံး၏ တန်ဘိုးသည် ငွေငါးဆယ့်နှစ်တိုလာခွဲ(သို့မဟုတ်) ရွှေခုနစ်တိုလာခွဲ (ယင်းနှစ်မျိုးအနက် နည်းရာ)၏ တန်ဘိုးနှင့်ညီမျှလျှင် (သို့မဟုတ်) ပိုခဲ့လျှင် တစ်နှစ်ပြည့်သောအခါ ထိုပစ္စည်းအား လုံး၏တန်ဘိုးကို တွက်ချက်၍အပုံလေးဆယ် ပုံတစ်ပုံပေးရန် ဖရတ်ဖြစ်သည်။

(ရှာမိကျမ်း)

(၁)။ ။ရွှေ၊ငွေနှင့်ငွေစက္ကူအပြင် ကျန်ပစ္စည်းများဖြစ်သော ကျောက်သံပတ္တမြား၊ ကျောက်စိမ်း၊ သံ၊ ကြေးနီ၊ကြေးဝါ၊ ဘော်၊ သံမဏိ၊ ပလက်တီနမ် စသည်များနှင့် ၎င်းအရာများဖြင့် ပြုလုပ်ထားသော အိုး၊ ခွက်၊ ပုဂံ၊ အဝတ်အထည်၊ ဖိနပ်၊ စားပွဲ၊ကုလားထိုင်၊ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ တယ်လီဖုန်း၊ ကြိုးမဲ့ဖုံး၊ ဖက်စ်၊ ကွန်ပျူတာ၊ မော်တော်ကား၊ မော်တော်ဆိုက်ကယ်၊ အဲယားကောန်နှင့် အခြား အသုံးအဆောင် များသည်

ရောင်းဝယ်ဖေါက်ကားရန် ဝယ်ထား၍ ဇကားသ်၏စံ နှုန်းမျှရှိလျှင်တစ်နှစ်ပြည့်သောအခါ ဇကားသ်ပေးရန် ဖရတ်ဇ်ဖြစ်သည်။ ထိုအရာများသည် မည်မျှပင် တန် ဘိုးကြီးမား၍အကြောင်းမဲ့ပစ်ထားလျှင်လည်း နှစ်စဉ် ဇကားသ်ပေးရမည်သာဖြစ်သည်။ ရောင်းဝယ်ဖောက် ကားရန်မဟုတ်ဘဲ သုံးစွဲရန် ဝယ်ထားလျှင် ဇကားသ် ပေးရန်မလို၊ ထိုအရာများသည် မည်မျှပင် တန်ဘိုး ကြီးမား၍ အကြောင်းမဲ့ပစ်ထားလျှင်လည်း ဇကားသ် ပေးရန်မလို။

(ဒ္ဒုရ်ရိမွခ်သာရ်ကျမ်းအတွဲ-၂)

၂)။ ။ရွှေနှင့်ငွေမှလွဲ၍ အခြားပစ္စည်းတစ်ခုခုအားအသုံး ပြုရန်ဝယ်ခဲ့၏။ အတန်ကြာမှ ရောင်းချင်စိတ်ပေါ် လာ၍ရောင်းမည်ဟု ဆုံးဖြတ်လိုက်၏။ သို့သော်ဝယ် သူမပေါ်၍ မရောင်းဖြစ်ပဲ နှစ်ပြည့်သွားလျှင် ယင်း ပစ္စည်းအပေါ်ဇကားသ်ပေးရန်မလို၊အဘယ်ကြောင့်ဆို သော် ပစ္စည်းတစ်ခုသည် ရောင်းဝယ်သောပစ္စည်းဖြစ် မဖြစ်ကို ဝယ်ယူသောအခါက ရည်ရွယ်ချက်ပေါ်မူ တည်၏။ ဤပစ္စည်းကို ဝယ်ယူစဉ်က ရောင်းရန်ရည် ရွယ်၍ ဝယ်ခဲ့သည်မဟုတ်၊ ထို့ကြောင့် ဤပစ္စည်း သည် ရောင်းကုန်စာရင်း၌မပါ၊ ယင်းပစ္စည်းကိုစတင်

ရောင်းလိုက်ပါက ထိုအချိန်မှစ၍ ရောင်းဝယ်သောပစ္စည်းဖြစ်သွားပြီး နှစ်ပြည့်သည်အထိ ထိုပစ္စည်းအနက်ကျန်ရှိလျှင် ဇကားသ်စာရင်း၌ ယင်းပစ္စည်းကိုပါ ထည့်သွင်းရေ တွက်ရန်ဖရတ်ဖ်ဖြစ်သွားမည်။

(ဟိဒါယဟ်ကျမ်း)

(၃)။ ။ဆိုင်၌ အသုံးပြုသောဘီဒို၊ စားပွဲ၊ ကုလားထိုင်၊ ရေခဲသေတ္တာ၊ ပန်ကာ၊ အဲယားကော်န်၊ တယ်လီဖုံး၊ ဖက်စ်၊ ကွန်ပျူတာနှင့် အခြားအသုံးအဆောင်များအပေါ်ဇကားသ်ပေးရန် တာဝန်မရှိ၊ အဘယ်ကြောင့်ဆိုသော် ယင်းပစ္စည်းများသည် ရောင်းဝယ်ဖေါက်ကားသောပစ္စည်းများမဟုတ်၊ သို့သော် အကယ်၍ လူတစ်ဦးက စားပွဲ၊ ကုလားထိုင်၊ ရေခဲသေတ္တာ၊ အဲယားကော်န်များကိုရောင်းဝယ်ရန်ထားလျှင်၊ ထိုအခါယင်းပစ္စည်းများသည် အသုံးအဆောင် ပစ္စည်းများမဟုတ်ဘဲရောင်းဝယ်သောပစ္စည်းများဖြစ်သောကြောင့် ယင်းပစ္စည်းများအပေါ် ဇကားသ်ပေးရန် တာဝန်ရှိမည်ဖြစ်သည်။

(ဒွရ်ရိမွခ်သာရ်ကျမ်းအတွဲ-၂)

(၄)။ ။ လူတစ်ဦး၌ တိုက်ခန်းအမြောက်အမြားရှိ၍ ယင်း

တိုက်ခန်းများ၌လူအငှါးချထားလျှင်၊ တိုက်ခန်းသည် မည်မျှပင် တန်ဘိုးရှိစေကာမူ ယင်းတန်ဘိုးအပေါ် ဇကားသ်ပေးရန်မလို၊ သို့သော် ယင်းတိုက်ခန်းမှရရှိသောလခသည်နှစ်ပြည့်သောအခါဇကားသ်၏စံနှုန်းမျှကျန်ရှိနေလျှင် ယင်းငွေမှ ဇကားသ်ပေးရန် အရေးကြီး၏။

ထိုနည်းတူလူတစ်ယောက်ကငှါးရမ်းမည်ဟုရည်ရွယ်၍ သောင်းနှင့်သိန်းနှင့်ချီကာ အိုး၊ ခွက်၊ ပုဂံ၊ စားပွဲ၊ ကုလားထိုင်များ (သို့မဟုတ်) စက်ဘီးများ၊ (သို့မဟုတ်) မော်တော်ကားများ ဝယ်၍ငှားလျှင်၊ (သို့မဟုတ်)အငှားဆွဲလျှင်လည်းထိုပစ္စည်းများ၏တန်ဘိုးအပေါ် ဇကားသ် ပေးရန်မလို၊ အဘယ်ကြောင့်ဆိုသော် အငှားချထားမှုကြောင့်ကုန်ပစ္စည်းသည် ရောင်းဝယ်သောပစ္စည်း မဟုတ်သောကြောင့် ယင်း၏တန်ဘိုးအပေါ်ဇကားသ်ပေးရန်တာဝန်မရှိ၊ သို့သော် နှစ်ပြည့်လျှင် ငှား၍ရသောငွေသည် ရွှေသို့မဟုတ်ငွေ၏သတ်မှတ်ထားသောစံနှုန်းမျှရှိလျှင်ယင်းငွေအပေါ်ဇကားသ်ပေးရန်ဖရဓ် တာဝန်ဖြစ်သည်။

(ဟိဒါယဟ်ကျမ်းနှင့်ကာဇီခါန်းကျမ်း)

(၅)။ ။ပုံနှိပ်စက်၊ စက်ရုံအတွင်းရှိ စက်ယန္တရားများသည်လည်း ရောင်းဝယ်ဖေါက်ကားသောပစ္စည်းများမဟုတ်ကြသဖြင့် ယင်းတို့၏တန်ဘိုးအပေါ်ဇကားသ်ပေးရန်တာဝန်မရှိ။

သို့သော် အကယ်၍ ယင်းစက်၊ ယန္တရားများကိုရောင်းဝယ်ဖေါက်ကားရန်ရည်ရွယ်၍ဝယ်ခဲ့လျှင်ယင်းတို့၏တန်ဘိုးအပေါ် ဇကားသ်ပေးရန်ဖရတ်ဓ်ဖြစ်၏။ ဤနည်းပင်၊ စက်ချုပ်သမားများ၏စက်၊ အဝတ်လျှော်စက်နှင့်အခြားစက်ကရိယာများ၏အမိန့်သည်လည်းအထက်ပါအတိုင်းဖြစ်သည်။

(ဒွရ်ရိမွခ်သာရ်ကျမ်းနှင့်ရှာမီကျမ်း)

(၆)။ ။စက်ရုံ၊ အလုပ်ရုံများအတွင်းရှိ စက်ယန္တရားများ၏တန်ဘိုးအပေါ်ဇကားသ်ပေးရန်တာဝန်မရှိသော်လည်းယင်းယန္တရားများမှ ထွက်လာသော ကုန်ပစ္စည်းများအပေါ် ဇကားသ်ပေးရမည်ဖြစ်သည်။

ထိုနည်းတူကုန်ချောထုတ်ရန်စုဆောင်းထားသောကုန်ကြမ်းများအပေါ်၌လည်း ဇကားသ် ပေးရန်တာဝန်ရှိသည်။ ကုန်ကြမ်းနှင့်ကုန်ချော၏ တန်ဘိုးကိုပေါင်း၍ ၂.၅ရာခိုင်နှုန်းဇကားသ်ပေးရန် ဖရတ်ဓ်ဖြစ်သည်။

(ဒွရ်ရိမွခ်သာရ်နှင့်ရှာမီကျမ်း)

ရ)။ ။စက်ရုံ၊ကုမ္ပဏီနှင့်အစုစပ်လုပ်ငန်းများသို့ထည့် ဝင်ငွေများအပေါ်၌လည်းနှစ်ပြည့်သောအခါဇကားသ် ဖရတ်ခ်ဖြစ်သည်။ (ဒွရ်ရိမွခ်သာရ်နှင့်ရာမိကျမ်း)

# မြို့စားအာပေါ်မည်သည့်အခါ ဇကားသ်ပေးရန် တာဝန်ရှိ၍ မည်သည့်အခါ တာဝန်မရှိခြင်း

---

၁)။ ။ဥပမာဆိုကြပါစို့၊ ရွှေဈေး တစ်ကျပ်သားလျှင် ၂၅၀၀၀ကျပ် ပေါက်ဈေးရှိ၍ ငွေတစ်တိုလာလျှင် ၂၅၀ကျပ်ပေါက်ဈေးရှိသောခေတ်၌၊ လူတစ်ဦးထံငွေ ၁၅၀၀၀ကျပ် ရှိသော်လည်း ထိုမျှအကြွေးလည်း ပေးစရာရှိလျှင်ယင်းငွေကို တစ်နှစ်ပတ်လုံး ပိုင်ဆိုင်နေသော်လည်း ထိုသူသည် ဇကားသ်ပေးရန် တာဝန်မရှိ၊ အကယ်၍ ၁၅၀၀၀ကျပ်ရှိသောသူသည် ငွေ၁၀၀၀၀ ကျပ်သာ အကြွေးပေးစရာ ရှိလျှင်လည်း ဇကားသ် ပေးရန် တာဝန်မရှိ၊ အဘယ်ကြောင့်ဆိုသော် တစ် သောင်းနှုတ်လိုက်လျှင်ငါးထောင်သာကျန်မည်ဖြစ်ပြီး

ထိုငါးထောင်သည် ယခုခေတ် ဟစ်ဂျ်ရီ ၁၄၁၄ခုနှစ် ပေါက်ဈေးအရ ငွေငါးဆယ့်နှစ်တိုလာခွဲ နှင့် ရွှေခုနစ်တိုလာခွဲ၏တန်ဘိုးထက် နည်းနေ၍ဖြစ်သည်။

(ဟိဒါယဟ်ကျမ်းအတွဲ-၁)

(၂)။ ။(ပညတ်ချက်-၁-ပါရွှေနှင့်ငွေ၏ပေါက်ဈေးကိုအခြေခံ၍)---

အကယ်၍လူတစ်ဦး၌ ငွေသုံးသောင်းရှိ၍တစ်သောင်းငါးထောင် အကြွေးပေးစရာရှိလျှင် ကျန်တစ်သောင်းငါးထောင်သည် ငွေငါးဆယ့်နှစ်တိုလာခွဲ၏ တန်ဘိုးနှင့်ကျော်လွန်နေသောကြောင့် ယင်း တစ်သောင်းငါးထောင်အပေါ် ဇကားသ်ပေးရန် ဖရတ်ဇ်တာဝန်ဖြစ်သည်။

(ဟိဒါယဟ်ကျမ်းအတွဲ-၁)

# မြီရှင်အပေါ်မည်သည့်အခါ ဇကားသ်ပေးရန် တာဝန်ရှိ၍မည်သည့်အခါ တာဝန်မရှိခြင်း

---

(၁)။ ။စာရှုသူသည် တစ်ဦးတစ်ယောက်ထံမှ အကြွေး ရစရာရှိလျှင် ယင်းအကြွေးအပေါ်၌ ဇကားသ် ပေး ရန်(ဖရတ်ဓ်)တာဝန်ရှိသည်။ သို့သော် မြီစားက ပေး ရန်ရှိကြောင်းဝန်ခံ၍၊ ပေးဆပ်ရန် ကတ်ပေးမှသာတာ ဝန်ရှိမည်။ သို့မဟုတ် မြီစားက ငြင်းနေသော်လည်း တရားရုံး၌ အမှုရင်ဆိုင်ကာ ရယူနိုင်လောက်သော သက်သေအထောက်အထားများ ရှိနေလျှင်လည်း ထို အကြွေးအပေါ် ဇကားသ်ပေးရန် (ဖရတ်ဓ်) တာဝန် ရှိသည်။

သို့သော် ယေဘုယျအားဖြင့် အကြွေးသည် သုံး မျိုးသုံးစားရှိတတ်၏။ (၁)။ ရွှေ၊ ငွေ၊ ငွေစက္ကူ (သို့မ ဟုတ်) ရောင်းဝယ်သောပစ္စည်းများ အကြွေးပေးလေ့ ရှိ၏။

(၂)။ရောင်းဝယ်ဖောက်ကားလေ့မရှိသောပစ္စည်း များ ဥပမာ–ဝတ်ဆင်နေသော အဝတ်အစား၊ အိမ်အ တွင်းရှိပစ္စည်းများ၊ မြေကွက်စသည်များ အကြွေးပေး လေ့ရှိ၏။

(၃)။အကြောင်းကြောင်းကြောင့် ထိုက်လာသော အကြွေးများ။ ဥပမာ–အမျိုးသမီးတစ်ယောက်အတွက် သူမ၏ခင်ပွန်းထံမှမဟာရ်ငွေ၊ အသက်အာမခံကြေး၊အ လုပ်သမားအတွက်လုပ်အားခစသည်များဖြစ်သည်။

အထက်ပါ အကြွေးသုံးမျိုးနှင့်စပ်လျဉ်း၍ **အသေး** စိတ်ရှင်းပြလိုက်ပါသည်။

၁။(က) ။ဆိုကြပါစို့၊ လူတစ်ယောက်ကအခြားလူတစ်ယောက်ကို ငွေစက္ကူ (သို့မဟုတ်) ရောင်းဝယ်သောပစ္စည်းကို အကြွေးရောင်းထား၏။ သို့သော် ယင်းပစ္စည်းများသည် တစ်နှစ်(သို့မဟုတ်)နှစ်နှစ်ပြီးမှ ပြန်ရ၏။ (အထက်ပါအကြွေးမျိုးကို ဖိကဟ်ပညာရှင်များ၏ဝေါဟာရ၌ "ဒိုင်နိကဝီ"ဟုခေါ်သည်။) အထက်ပါပစ္စည်းများကို အကြွေးပေးထား၍ ယင်းတို့၏တန်ဘိုးသည် ငွေငါးဆယ့်နှစ်တိုလာခွဲ (သို့မဟုတ်) ရွှေခုနစ်တိုလာခွဲ(၅ကျပ်သား၊ ၃ပဲ၊ ၄ရွေး၏ တန်ဘိုးနှင့်ညီမျှလျှင် အကြွေးရလျှင်ရချင်း ယခင်နှစ်များအတွက်ပါဇကားသ်ပေးရန် (ဖရတ်ဓ်)တာဝန်ဖြစ်သည်။ အကယ်၍ တစ်လုံးတစ်ခဲတည်းမရဘဲ အနည်းငယ်စီ ရလျှင် ဇကားသ်စံနှုန်း၏ ငါးပုံတစ်ပုံရလာလျှင် တစ်နည်းနှစ်ဆယ်ရာခိုင်နှုန်းရလာလျှင် ယင်းနှစ်ဆယ်ရာခိုင်နှုန်းအပေါ် ကျသင့်သောဇကားသ်ကို ပေးဆောင်ရန်ဖရတ်ဓ်ဖြစ်သည်။ ထိုနည်းတူ အနည်းငယ်စီရ၍ နှစ်ဆယ်ရာခိုင်နှုန်း ပြည့်သွားလျှင် ယင်းအပေါ်ကျသင့်သောဇကားသ်ဖရတ်ဓ်ဖြစ်နေမည်ဖြစ်သည်။ ဤနေရာ

တွင် သတိထားရမည့်အချက်မှာ ဇကားသ်ပေးရမည် ဟုဆိုရာတွင်၊ ယင်းပစ္စည်းများ မိမိလက်ဝယ်၌ မရှိခဲ့ သောနှစ်များအတွက်ပါပေးဆောင်ရမည်။

(ခ)။ အကယ်၍ ချေးထားသောပစ္စည်း၏တန်ဘိုး သည် ဇကားသ်စံနှုန်းထက်နည်းနေလျှင် ထိုသူသည် ဇကားသ်ပေးရန် ဖရတ်ဇ်တာဝန်မရှိ။ သို့သော်ထိုသူ၌ အခြားကိုယ်ပိုင်ပစ္စည်းများရှိ၍ ပေးထားသောအကြွေး နှင့်ပေါင်းလိုက်လျှင် ဇကားသ်စံနှုန်းနှင့် ညီမျှပါက သို့မဟုတ် ကျော်လွန်သွားပါက ဇကားသ် ပေးရန် ဖရတ်ဇ်တာဝန်ဖြစ်သွားမည်။

(ရှာမီကျမ်း အတွဲ-၂-စာ-၅၃)

။(က) ။ဆိုကြပါစို့၊ လူတစ်ယောက်က အခြားလူတစ်ဦး ကို ရွှေ၊ ငွေ တော့မချေးထား၊ ရောင်းဝယ်ဖောက်ကား သောပစ္စည်းလည်း ပေးမထားဘဲ၊ ရောင်းဝယ်ဖောက် ကားလေ့မရှိသော ပစ္စည်းများကို အကြွေးရောင်းထား ၏။ ဥပမာ- မိမိဝတ်ဆင်နေသော အဝတ်အစားများ ကို အကြွေးရောင်းထား၏။ သို့မဟုတ်မိမိပိုင်မြေကွက် ကို အကြွေးရောင်းထား၏။ (ယင်းသို့သောအကြွေး မျိုးကို ဖိကဟ်၏ ဝေါဟာရ၌ "ဒိုင်နိမုသဝါစ်စိသ်"

ဟုခေါ်သည်)။

ထိုအကြွေးသည် ဇကားသ်၏စံနှုန်းနှင့်အမျှရှိပြီး နှစ်ပေါင်းများစွာလွန်ပြီးမှရရှိသော်လည်း လွန်ခဲ့သော နှစ်များအတွက်ပါ ဇကားသ်ပေးရန် ဖရတ်ဓ်တာဝန် ဖြစ်သည်။ တစ်လုံးတစ်ခဲတည်းမရလျှင် ဇကားသ်စံ နှုန်းနှင့်အမျှ မရမချင်း ယင်းငွေအပေါ်၌ ဇကားသ် ပေးရန်ဖရဓ်တာဝန်မရှိ၊ ဇကားသ်စံနှုန်းနှင့်အမျှရလာ သောအခါ လွန်ခဲ့သော နှစ်များအတွက်ပါ ဇကားသ် ပေးရန် ဖရဓ်တာဝန်ဖြစ်သည်။

(ရှာမီကျမ်း၊ ဒ္ဒုရ်ရိမွခ်သာရ်ကျမ်းအတွဲ-၂-စာ၅၃-၅၄)

**မှတ်ချက်။** ။ ဒုတိယအမျိုးအစားအကြွေးသည် ဇကားသ်စံနှုန်းနှင့်အမျှ မရမချင်းယင်း ငွေအပေါ်၌ ဇကားသ်ပေးရန် ဖရတ်ဓ်တာဝန်မရှိဟု ဆိုရာတွင် ယင်းပိုင်ဆိုင်မှုအပြင် အခြားပိုင်ဆိုင်မှု မရှိသောသူ များအတွက်ဖြစ်သည်။ အကယ်၍ ဇကားသ်စံနှုန်းနှင့် အမျှ ပိုင်ဆိုင်သူတစ်ယောက်သည် အထက်ပါကဲ့သို့ အကြွေးပေးထားလျှင် ရလာသောအကြွေးကို မိမိပိုင် ဥစ္စာနှင့်ပေါင်း၍ ဇကားသ်ပေးရမည်။ ဇကားသ်စံနှုန်း နှင့်အမျှဖြစ်ရန်စောင့်မျှော်ခြင်းမပြုရ။ ဥပမာ-လူတစ် ဦး၌ ပိုင်ဆိုင်မှု၂-သိန်းခန့်ရှိသည်။ ထိုသူသည်ငါးနှစ်

အရင်ကအကြွေး တစ်ထောင်ရလာလျှင် ရလာသော ငွေတစ်ထောင်သည် ဇကားသ်စံနှုန်းနှင့် ညီမျှခြင်းမရှိသော်လည်း ထိုသူသည်နှစ်သိမ်းတစ်ထောင်ဘိုး အတွက် ဇကားသ်ပေးရမည်။ တဖန်ယင်းငွေတစ်ထောင် အပေါ် လွန်ခဲ့သော ငါးနှစ်၏ဇကားသ် တစ်ရာနှစ်ဆယ့်ငါးကျပ်ကိုပါ ပေးရမည်ဖြစ်သည်။

၃။(က)။ ဆိုကြပါစို့၊ လူတစ်ယောက်က အခြားလူတစ်ဦးကို ငွေ့လည်းမချေး၊ ရွှေ၊ ငွေလည်း မချေးထား၊ ရောင်းဝယ်လေ့မရှိသည့် ပစ္စည်းမျိုးလည်း အကြွေးမပေးခဲ့၊ ထိုထက်ပို၍ ရောင်းဝယ်လေ့မရှိသော ပစ္စည်းမျိုးလည်း အကြွေးရောင်းမထား၊ သို့သော် အခြားအကြောင်းကြောင့် အကြွေးတင်သွားသည်။

ဥပမာ--အမျိုးသမီးတစ်ယောက်သည်မိမိခင်ပွန်းထံမှ မဟာရ်ရရန်ရှိခြင်း၊ သို့မဟုတ်လင်မယားမသင့်မြတ်၍ အမျိုးသမီးက သွလားက်တောင်းသော်လည်း အမျိုးသားကသွလားက်မပေး၍ (ဗဒလိခုလအ်) အခကြေးငွေပေးကာ သွလားက်ယူရာ အမျိုးသားက ရရန်ရှိခြင်း၊ သို့မဟုတ် အသက်အာမခံရရန်ရှိခြင်း၊ သို့မဟုတ် အလုပ်သမားတစ်ယောက်က အလုပ်ပြီး၍ လုပ်ခရရန်ရှိခြင်း၊ (ဤသို့သောအကြွေးမျိုးကိုဖိကဟ်

ပညာရှင်များ၏ဝေါဟာရ၌ "ဒိုင်နိဇ္ဇအီးဖ်" ဟုခေါ်သည်။) ဤသို့သောအကြွေးမျိုး၏ဥပဒေသည် ရရှိသောနေ့မှစ၍ တစ်နှစ်ပြည့်မှယင်းငွေအပေါ်ဇကားသ်ပေးရမည်။ လွန်ခဲ့သောနှစ်များအတွက် ဇကားသ်ပေးရန် တာဝန်မရှိချေ။

(ရှာမီကျမ်း အတွဲ-၂-စာ-၅၄)

(ခ)။ (Privedent fun) အမှုထမ်းများ၏လခမှဖြတ်ယူ၍ စုဆောင်းသော စုငွေ ပင်စင်သည်လည်း ဤ တတိယအမျိုးအစား အကြွေး၌ အကျုံးဝင်သည်။ ထို့ကြောင့် အငြိမ်းစားယူပြီးနောက် စုငွေလက်ဝယ် ရလာသောနေ့မှစ၍ 'နှစ်' စမည်ဖြစ်သည်။ လွန်ခဲ့သောနှစ်များအတွက် ယင်းငွေမှဇကားသ်ပေး ရန်တာဝန်မရှိ။

**မှတ်ချက်။** ။အသက် အာမခံငွေ၊ ပင်စင်ငွေကို အချို့ပညာရှင်များက "ဒိုင်နိကဝီ" သို့မဟုတ် "ဒိုင်နိမုသဝ့ါစ်စိသ်" ဟုသတ်မှတ်၍ လက်ဝယ်မရရှိမီ လွန်ခဲ့သောနှစ်များအတွက်ပါ ဇကားသ်ပေးရန် တာဝန်ရှိသည်ဟု ဆိုကြသဖြင့် သတိထားဆင် ခြင်သောအားဖြင့် ပေးလိုက်လျှင်ပို၍ကောင်းသည်။ ယင်းပညတ်တော်နှင့်စပ်လျဉ်း၍ တိကျစွာ သုတေသန လုပ်လိုသူ

များ "အင်မ်ဒါဒွလ်ဖသ်ာဝါ" ဒုတိယတွဲ၏ နောက်ဆက်တွဲကို ရှုစားပါရန်။

# နှစ်မကုန်မီဇကားသ်ပေးခြင်းနှင့် ယင်းနှင့်သက်ဆိုင်သောပညတ်တော်များ

---

(၁)။ ။ ကြွယ်ဝသူ တစ်ယောက်သည် နှစ်မကုန်မီ ဇကားသ်ပေးလိုလျှင် ပေးပိုင်ခွင့်ရှိသည်။ ထိုသူသည် ဇကားသ်တာဝန် ကျသွားမည်ဖြစ်သည်။ အကယ်၍ ကြွယ်ဝသူမဟုတ်ဘဲ တစ်နေရာရာမှ ငွေရမည့်မျှော်လင့်ချက်ဖြင့် ငွေလက်ဝယ်မရမီကြို၍ ဇကားသ်ပေးသိုက်လျှင်ပိုင်မည်မဟုတ်။ ထိုသူသည် မိမိလက်ဝယ်ငွေရပြီး တစ်နှစ်ပြည့်သောအခါထပ်မံ ဇကားသ်ပေးရန် ဖရတ်ဓ်တာဝန်ဖြစ်သည်။

(ဟိဒါယဟ်ကျမ်း အတွဲ-၁)

(၂)။ ။ ကြွယ်ဝသူ တစ်ယောက်သည် လာမည့်လေးငါးဆယ်နှစ်၏ဇကားသ်ကို ယခုကြို၍ ထုတ်လျှင်

လည်းပိုင်၏။ သို့သော် ယင်းနှစ်များတွင် မိမိထုတ်ခဲ့သော ဇကားသ်ထက်ပိုင်ဆိုင်မှု တိုးလာခဲ့လျှင် ထိုတိုးလာသော ဥစ္စာအတွက်သီးသန့်ထုတ်ရမည်။

(ဒွရ်ရိမွခ်သာရ်ကျမ်းနှင့်ရှာမီကျမ်း)

(၃)။ ။ ဆိုကြပါစို့၊ ငွေငါးထောင်ရှိလျှင် ဇကားသ်ထိုက်သောခေတ်၌လူတစ်ဦးထံငါးထောင်ဘိုးပိုင်ဆိုင်မှုရှိသည်။ ထိုသူသည် တစ်နေရာမှ ငွေတစ်ထောင်ရမည်ကိုမျှော်လင့်၍ ငွေခြောက်ထောင်အတွက် ကြို၍ဇကားသ်ပေးလိုက်လျှင်ပိုင်၏။ အကယ်၍ နှစ်မကုန်မီ ဇကားသ်ထိုက်သောစံနှုန်းထက်လျော့သွားလျှင်၊ ဥပမာ--ငွေလေးထောင့်ကိုးရာနှင့်ညီမျှသော ပိုင်ဆိုင်မှုသာ ကျန်ခဲ့လျှင်ထိုသူ၌ ဇကားသ်တာဝန် မရှိတော့ချေ။ ထိုသူကြို၍ ထုတ်ခဲ့သောဇကားသ်သည် နဖိလ်ဖြစ်ပြီး ယင်းအတွက် အကျိုးဆဝါးဗ်ရမည်ဖြစ်သည်။

(ဒွရ်ရိမွခ်သာရ်နှင့်ရှာမီကျမ်း)

## တစ်နှစ်ပြည့်ပြီးမှပိုင်ဆိုင်မှုကုန်ဆုံးသွားခြင်း (သို့မဟုတ်)လျော့နည်းသွားခြင်းနှင့် စပ်လျဉ်းသောပြဿနာတော်များ

---

(၁)။ ။ လူတစ်ယောက်၌ ဇကားသ် ထိုက်လောက်သော ပိုင်ဆိုင်မှုဥစ္စာရှိသည်၊တစ်နှစ်ပြည့်ပြီးဖြစ်သော်လည်း ဇကားသ် မပေးရသေး။ ကံအားလျော်စွာ (နအူးဇုဗိလ္လာဟ်)၄င်းပိုင် ပစ္စည်းအားလုံး အခိုးခံလိုက်ရသည်။ သို့မဟုတ်မီးလောင်ခံလိုက်ရသည်။ သို့မဟုတ်အခြား တစ်နည်းနည်းဖြင့် ပျက်စီးသွားလျှင်ဇကားသ်တာဝန် မရှိတော့ချေ။

သို့သော်အကယ်၍မိမိသဘောဖြင့်မိမိပိုင်ပစ္စည်း အားလုံး သူတစ်ပါးအား ပေးလိုက်လျှင်၊ သို့မဟုတ် အခြားနည်းဖြင့် ဖျက်ဆီးလိုက်လျှင်၊ တာဝန်ရှိခဲ့သော ဇကားသ်ကို ပေးရမည်။ ခွင့်လွှတ်ခြင်း ခံရမည်မဟုတ်။

(ဟိဒါယဟ်ကျမ်းနှင့်ဒွုရ်ရိမွခ်သာရ်ကျမ်းအတွဲ-၂)

(၂)။ ။ တစ်နှစ်ပြည့်ပြီးနောက် လူတစ်ဦးက မိမိပိုင် ပစ္စည်းအားလုံးကို ဇကားသ်အတွက် မဟုတ်ဘဲ အလွတ်သဘောလှူလိုက်ပါက ဇကားသ်တာဝန် ကျေသွားမည်ဖြစ်သည်။

(ဟိဒါယဟ်ကျမ်း အတွဲ-၁)

(၃)။ ။ ဆိုကြပါစို့၊ ငွေငါးထောင်ရှိလျှင် ဇကားသ်ထိုက်

သောခေတ်၌လူတစ်ဦးထံငွေခုနစ်ထောင်ရှိခဲ့၏။ တစ်နှစ်ပြည့်သွားသောအခါ ငွေနှစ်ထောင် အခိုးခံရလျှင် သို့မဟုတ် ငွေနှစ်ထောင်ကို လှူလိုက်လျှင် ငွေငါးထောင်အတွက် ဇကားသ်ပေးရမည်။

(ဒွရ်ရိမွခ်သာရ်ကျမ်း အတွဲ-၁)

(ဟိဒါယဟ်ကျမ်း အတွဲ-၂)

# ဇကားသ်ပေးနည်းနှင့် ယင်း၏ပညတ်ချက်များ

---

(၁)။ ။ မိမိပိုင်ဆိုင်သော ဥစ္စာပစ္စည်းအပေါ် တစ်နှစ်ပြည့်လျှင်ပြည့်ခြင်း ဇကားသ်ပေးလိုက်ရမည်။ ရုတ်တရက်ကွယ်လွန်သွားလျှင် ဤတာဝန်သည် မိမိအပေါ် ကျန်ခဲ့မည်ဖြစ်သည်။ တစ်နှစ်ပြည့်သွားသော်လည်း ဇကားသ်မပေးခဲ့၍ ဒုတိယနှစ်လည်း ကုန်ဆုံးသွားလျှင် အပြစ်ထိုက်လာမည်ဖြစ်သည်။ ထို့ကြောင့် ထိုသူသည် သောင်ဗဟ် (အရှင်မြတ်ထံဝန်ချတောင်းပန်မှု) ပြု၍ နှစ်နှစ်စာအတွက် ဇကားသ်ပေးရမည်။

ဆိုလိုသည်မှာ ဇကားသ်ပေးရာတွင် အချိန်နှောင်းခဲ့လျှင်အပြစ်ထိုက်သော်လည်း၊ ပေးလိုက်လျှင်တာဝန်ကျေသွားမည်ဖြစ်သည်။ နမာဇ်ကဲ့သို့ အချိန်နှောင်း၍ဝတ်ပြုလျှင် ကဇွာဖြစ်သွားသကဲ့သို့ ကဇွာမဖြစ်ချေ။

(ဒွရ်ရိုမွခ်သာရ်ကျမ်း အတွဲ-၂)

(၂)။ ။ မိမိပိုင်ဆိုင်မှု၏ လေးဆယ်ပုံတစ်ပုံ ပေးရန် ဖရတ်ဇ်တာဝန်ဖြစ်သည်။ (တစ်နည်း) ၂.၅ ရာခိုင်နှုန်းပေးရမည်။

(ဒွရ်ရိုမွခ်သာရ်ကျမ်း အတွဲ-၂)

(၃)။ ။ မိမိထုတ်မည့်ဇကားသ်အားလုံးကို ထိုက်တန်သူတစ်ဦးတည်းအား ပေးလိုက်လျှင်လည်း ပိုင်၏။ ...ပင်းရဲသားများအားခွဲဝေပေးလိုက်လျှင်လည်းပိုင်၏။ တစ်ရက်တည်း၌ အကုန်ပေးလိုက်လျှင်လည်း ပိုင်၏။ နှောင်နှစ်မတိုင်မီအနည်းငယ်စီခွဲ၍ပေးလျှင်လည်းပိုင်၏။

(ဒွရ်ရိုမွခ်သာရ်ကျမ်း အတွဲ-၂)

(၄)။ ။ ဆင်းရဲသားတစ်ဦးအားအနည်းဆုံးငွေ၏မိသားစု

အတွက် တစ်နေ့ဈေးဘိုးခန့် ပေးလျှင်ပိုကောင်း၏။

(ဒွရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂)

(၅)။ ။ ဆင်ရဲသားတစ်ဦးအား(အကြောင်းမဲ့)ဇကားသ် ထိုက်လောက်အောင် တစ်လုံးတစ်ခဲတည်း ပေးခြင်း သည်မတ်က်ရူးဟ်ဖြစ်သည်။ ပေးလိုက်လျှင်ဇကားသ် တာဝန်တော့ကျေသွားမည်။ ထို့ထက်နည်း၍ ပေး ခြင်းသည် ခြွင်းချက်မရှိပိုင်၏။

(ဟိဒါယဟ်ကျမ်း၊ အတွဲ-၁)

(၆)။ ။ ဆိုကြပါစို့၊ လူတစ်ယောက်သည် ရွှေအမြောက် အမြားစုထား၏။ ယင်းကိုတွက်ဆကြည့်ရာ ရွှေတစ် ကျပ်သားဇကားသ်ထိုက်နေလျှင် ထိုသူသည်ရွှေတစ် ကျပ်သားသို့မဟုတ် ယင်း၏တန်ဘိုးသို့မဟုတ် ယင်း တန်ဘိုးနှင့်ညီမျှသောအခြားပစ္စည်းတစ်မျိုးမျိုး၊ ယင်း သုံးမျိုးအနက်ကြိုက်နှစ်သက်ရာကိုပေးနိုင်သည်။

ထိုနည်းတူ လူတစ်ယောက်သည် ငွေချောင်းအ မြောက်အမြားစုထား၏။ ယင်းကို တွက်ဆကြည့်ရာ ငွေဆယ်တိုလာဇကားသ်ထိုက်နေလျှင် ထိုသူသည်ငွေ ဆယ်တိုလာ(သို့မဟုတ်)ယင်း၏တန်ဘိုး(သို့မဟုတ်) ယင်းတန်ဘိုးနှင့်ညီမျှသော အခြားပစ္စည်းတစ်မျိုးမျိုး၊

ယင်းသုံးမျိုးအနက် ကြိုက်နှစ်သက်ရာကို ပေးနိုင်သည်။

(ရ)။ ။ **မိမိပေးသော** ဇကားသ်သည် အထမြောက်ရန် ထိုက်တန်သူကို ပေးရမည်။ ဇကားသ်၏နိယသ်ဖြင့် ပေးရမည်။ ထိုပေးသောအရာသည် ထိုဆင်းရဲသား၏လုပ်အားခနှင့် အဘိုးအခမဖြစ်စေရ။

ထို့ကြောင့်---

ပညတ်ချက်(က)။ ။ အိမာမ်(ဦးဆောင်၍ ဇွလာသ်ဝတ်ပြုပေးသူ)၊ မုအဇ်ဇင်(န) (အဇာန်ဆိုသူ)၊ ကျောင်းဆရာ၊ ဆရာမများ၊ အလုပ်သမားများကို လစာပေးခြင်းသည် အလွန်ကြီးမားသော ဆဝါးဗ်(ကုသိုလ်)အမှုဖြစ်သော်လည်း ယင်းငွေကို ဇကားသ်၌ ရေတွက်လျှင်ပိုင်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ယင်းငွေသည် ၎င်းတို့၏လုပ်အားခ ဖြစ်သောကြောင့် ဖြစ်သည်။

အိမာမ်တစ်ဦး၊ မုအဇ်ဇင်(န)တစ်ဦး၊ ကျောင်းဆရာတစ်ဦး၊ ကျောင်းဆရာမတစ်ဦး၊ မိမိအလုပ်သမားတစ်ဦးသည် အလွန်ဆင်းရဲ၏။ ၎င်းရရှိသောလခဖြင့် လုံလောက်မှု မရှိလျှင်၊ လခအပြင်ဇကားသ် ငွေဖြင့် ထောက်ပံ့ပိုင်ခွင့် ရှိပါသည်။ ဇကားသ်ငွေမှ ပေးနေ

ကြောင်းရည်စူး၍ပေးလိုက်လျှင်ဇကားသ်ပိုင်သွားမည် ဖြစ်သည်။

မိမိ၏ဇကားသ် တာဝန်ကျေရန် ထိုက်တန်သူအား အပိုင်ပေးရမည်။ ဆင်းရဲသားသည် သုံးပိုင်ခွင့်၊ သူတစ်ပါးအားပေးပိုင်ခွင့်အာဏာအပြည့်ရှိမှသာလျှင်အပိုင်ပေးရာမည်၏။ သို့မဟုတ်လျှင် ဇကားသ်တာဝန် ကျေမည်မဟုတ်။

ပညတ်ချက်(ခ)။ ။ ထို့ကြောင့် ဆင်းရဲသား (၁၀) ယောက်၊ အယောက်(၂၀)အား အိမ်၌ဖိတ်၍ ဇကားသ်ရည်စူးချက်ဖြင့် ထမင်းကျွေးလျှင် ဇကားသ်ပိုင်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် ယင်းထမင်းကို ပိုင်ဆိုင်ကြသူများမဟုတ်သော ကြောင့်ဖြစ်သည်။

ပညတ်ချက်(ဂ)။ ။ ထို့ကြောင့် ဗလီဝတ်ကျောင်းတော် တည်ဆောက်ရာ၌၄င်း၊ မဒ်ရဆဟ် (ဘာသာရေးကျောင်း) တည်ဆောက်ရာ၌၄င်း၊ ခါန်ကာဟ် တည်ဆောက်ရာ၌၄င်း၊ ဆေးရုံတည်ဆောက်ရာ၌၄င်း၊လမ်းတံတားတည်ဆောက်ရာ၌၄င်း၊ အခြားအများပြည်သူများ အကျိုးခံစားနေသော အဆောက်အဦးများ တည်

ဆောက်ရာတွင် ဇကားသ်ငွေကိုသုံးလျှင် ဇကားသ်ပိုင်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုက်တန်သူအား အပိုင်ပေးရမည်ဟူသော အချက်သည် ပျောက်ပျက်သွားသောကြောင့် ဖြစ်သည်။

ပညတ်ချက်(ဃ)။ ။ ထို့ကြောင့် ဇကားသ် ငွေဖြင့် ကျောင်းစာအုပ်များ ဝယ်၍ (မဒ်ရဆဟ်) ကျောင်း၌ ဝကဖ်ပြုလိုက်လျှင် (လှူလိုက်လျှင်) ဇကားသ်ပိုင်မည်မဟုတ်။

ပညတ်ချက်(င)။ ။ ထို့ကြောင့် ဇကားသ်ငွေဖြင့် တိုက်ဆောက်ကာ ဇကားသ်ထိုက်သူများအား အပိုင်မဟုတ်ဘဲ အခမဲ့နေရုံသက်သက်ပေးလျှင်လည်း ဇကားသ်ပိုင်မည်မဟုတ်။ အပိုင်ပေးမှသာလျှင် ဇကားသ်အထမြောက်မည်ဖြစ်သည်။

ပညတ်ချက်(စ)။ ။ ထို့ကြောင့် ဇကားသ်ငွေဖြင့် ဆေးရုံဆောက်ရာ၌၄င်း၊ ဆေးရုံ၏ လိုအပ်ချက်များဖြစ်သော မီးခွန်၊ ရေခွန်၊ ဆေးရုံလုပ်သားများ၏ လခများကိုလည်း ဇကားသ်ငွေဖြင့်မပေးနိုင်။ သို့သော် ဇကားသ်ပေးထိုက်သူများအား ဇကားသ် ငွေဖြင့် ဆေးဝယ်ပြီးပေးလျှင် ဇကားသ်ပိုင်သွား မည်ဖြစ်သည်။

ပညတ်ချက်(ဆ)။ ။ ထို့ကြောင့် ဇကားသ်၊ ဖစ်သ်ရဟ် နျင့် အခြားဝါဂျစ်ဗ်ဆွဒ်ကဟ်များကို စု၍ ယင်းငွေမှ ဆင်းရဲသားများကို ချေးငှား၍ မ တည်ပေးလျှင်လည်း ဇကားသ် ပိုင်မည်မဟုတ်။ ဆင်းရဲသားများအား မ တည်ပေးခြင်းသည် ကောင်းမှုတစ်ခုဖြစ်သော်လည်း၊ ချေးငှားခြင်းသည် အပိုင်ပေးရာ မရောက်သဖြင့် ဇ ကားသ် ပိုင်မည်မဟုတ်။

အထက်၌တင်ပြခဲ့သော ပညတ်ချက်များကို ကုရ်အာန် ကျမ်းတော်မြတ်နှင့်ဟဒီးဆ်ကျမ်းတော်များမှအထောက် အထားများနှင့်တကွအနုစိတ်သိလိုသူများသည် ဟဇရသ် မော်လာနာ မွဖ်သီမုဟမ္မဒ်ရှဖီးအ်ာ (ရဟ်မသွလ္လာဟ် အ လိုင်ဟ်) ပြုစုခဲ့သော) "ကုရ်အာန် မေ နိဇာမေ့ဇကားသ်" "ကျမ်းမြတ်ကုရ်အာန်၌ဇကား၏စံနစ်" မည်သောစာအုပ် ကို ရှုစားနိုင်ပါသည်။

# ဇကားသ်၏နီယသ်(ရည်စူးချက်)

---

မိမိပေးသော ဇကားသ်သည် အထမြောက်ရန်၊ တာဝန်ကျေရန်ဇကားသ်ပေးနေကြောင်း ရည်စူးခြင်းသည်

ဖရတ်ဇ်ဖြစ်သည်။

(၁)။ ။ ဇကားသ်ငွေ၊ သို့မဟုတ် ဝတ္ထုပစ္စည်းကို ဇကားသ်ထိုက်သူ ဆင်းရဲသားအား ပေးနေချိန်၌ စိတ်အတွင်းမှ "ကျွန်တော်သည်၊ ကျွန်မသည် ဇကားသ်ပေးနေပါသည်"ဟုစိတ်ကူးလိုက်လျှင်လုံလောက်၏။ နှုတ်လျှာဖြင့်ဆိုခြင်းသည် အရေးလည်း မကြီး၊ မြတ်လည်းမမြတ်ပေ။ ဇကားသ်ပေးနေချိန်၌ ဤမျှပင်စိတ်ကူးမရှိလျှင် ဇကားသ် ပိုင်မည်မဟုတ်။ ထပ်မံပေးရမည်။ ရည်စူးချက်မပါဘဲ ပေးခဲ့သောအရာအတွက် နဖိလ်ဆွဒ်ကဟ်၏ အကျိုးဆဝါးဗ်ရရှိမည်ဖြစ်သည်။

(ဒွုရ်ရိမွုခ်သာရ်ကျမ်း အတွဲ-၂)

(၂)။ ။ ဇကားသ်ထိုက်သူအား ဇကားသ်ပေးချိန်၌ ရည်စူးရန်မေ့ခဲ့သည်၊ သို့သော်ထိုဝတ္ထုပစ္စည်း၊ သို့မဟုတ်ငွေသည် ဆင်းရဲသားထံယခုထက်တိုင်ရှိနေလျှင် ရည်စူးလိုက်ပါက ဇကားသ်ပိုင်သွားမည်။ ဆင်းရဲသားကထိုအရာကို မသုံးမီရည်စူးလိုက်လျှင် ဇကားသ်ပိုင်သွားမည်ဖြစ်သည်။ သုံးစွဲပြီးနောက် ရည်စူးလျှင် အတည်ဖြစ်မည်မဟုတ်။ ထပ်မံ ဇကားသ်ပေးရမည်ဖြစ်သည်။

(ဒွုရ်ရိမွုခ်သာရ်ကျမ်း အတွဲ-၂)

(၃)။ ။ ဇကားသ်ပေးခံရသူအား "ဤသည် ဇကားသ်ဖြစ်သည်"ဟုအသိပေးရန်မလို၊ သည်သာမက အသိမပေးခြင်းသည် သာပို၍မြတ်၏။

(ဒွရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂)

(၄)။ ။ ဇကားသ်ပေးထိုက်သူအား တွေ့လျှင်ပေးမည်ဟုရည်စူး၍ လူတစ်ဦးက (ဆိုကြပါစို့) ငွေတစ်သောင်းတစ်နေရာတွင်ထားလိုက်၏၊သို့သော်ဆင်းရဲသားအားယင်းငွေကို ပေးသောအခါ ရည်စူးရန် မေ့နေခဲ့လျှင်လည်း ဇကားသ်ပိုင်သွားမည်၊ အကယ်၍ထိုငွေကိုသီးခြားခွဲ၍မထားခဲ့လျှင် ဇကားသ်ပိုင်မည်မဟုတ်၊ ဆိုလိုသည်မှာ ငွေကိုသီးခြားခွဲ၍ ထားသောအချိန်၌ ဖြစ်စေ၊ သို့မဟုတ် ဆင်းရဲသားကို ပေးချိန်၌ဖြစ်စေ၊ ရည်စူးလိုက်လျှင် ဇကားသ်ပိုင် သွားမည်။ ငွေကိုသီးခြားထားသောအခါ မရည်စူးခဲ့လျှင်၊ သို့မဟုတ် သီးခြားမထားသော်လည်းပေးချိန်၌ မရည်စူးခဲ့လျှင် ဇကားသ်ပိုင်မည်မဟုတ်။

(ဟိဒါယဟ်ကျမ်း၊ အတွဲ-၁)

(၅)။ ။ ဇကားသ်ပေးထိုက်သူ တစ်ယောက်က ငွေလာချေး၏။ အလွန်ဆင်းရဲနွမ်းပါး၍ ပြန်မဆပ်နိုင်မည်ကိုလည်းသိသည်၊ သို့သော် ထိုသူ့ကိုနှုတ်ဖြင့် ချေးနေ

သည်ဟု ပြောကာ စိတ်အတွင်း၌ ဇကားသ်ပေးနေကြောင်း ရည်စူးလိုက်လျှင် ဇကားသ် ပိုင်သွားမည်ဖြစ်သည်။ ငွေယူသူက ငွေချေးနေသည်ဟု ထင်လျှင်လည်း ဇကားသ်ပိုင်၏။

(အာလမ်ဂီရီကျမ်း)

၆)။ ။ ဇကားသ် ပေးထိုက်သူအား "လက်ဆောင်ပါ" ဟုပြော၍ စိတ်**အတွင်းမှ** ဇကားသ်ပေးနေကြောင်း ရည်စူးလိုက်လျှင် **ဇကားသ်**ပိုင်သွားမည် ဖြစ်သည်။ ထိုနည်းတူ ဆင်းရဲသားတစ်ဦးအား၊ သို့မဟုတ်ငှင်း၏ သားသမီးအား "အီဒီ ပါ" ဟူ၍၄င်း၊ "လက်ဆောင်ပေးတာပါ"ဟူ၍၄င်းပြော၍၊ စိတ်အတွင်း၌ ဇကားသ်ပေးနေကြောင်း ရည်စူးလိုက်လျှင်ဇကားသ် ပိုင်သွားမည်ဖြစ်သည်။ မိမိဆွေမျိုးသားချင်းနှင့် မိတ်ဆွေများ မရှက်မကြောက်ရန် ဤသို့ပြော၍ ပေးခြင်းသည် ပို၍ကောင်း၏။

(ဒွရ်ရိမွခ်သာရ်ကျမ်းနှင့်အာလမ်ဂီရီကျမ်း)

၇)။ ။ (ဆိုကြပါစို့)၊ စာရှသူသည် ဇကားသ်ပေး**ထိုက်**သူတစ်ဦးအား ငွေငါးထောင်ချေးထား၏။ ယခုနှစ်အသင်သည် ဇကားသ်ငါးထောင်သို့မဟုတ်**ထိုထက်**ပို၍

ဆုတ်ရမည်လည်းဖြစ်သည်။ အသင်သည် ထိုငွေချေး သွားသူအား ဆင်းလည်းဆင်းရဲသည်၊ ရိုးလည်းရိုး သားသည်ဟုဆိုကာ ထိုချေးငွေကို ဇကားသ်စာရင်း သွင်းပြီး ထိုသူအားခွင့်လွှတ်လျှင် ဇကားသ်ပိုင်မည် မဟုတ်၊ ခွင့်လွှတ်လိုလျှင် ဇကားသ်ပေးနေကြောင်း ရည်စူး၍ ထိုသူအား ငွေငါးထောင် ပထမပေးလိုက် ပါ။ ဤသို့ပြုခြင်းဖြင့် ဇကားသ်ပိုင်သွားမည်။ ယခု ပြန်၍ မိမိအကြွေးကို တောင်းပိုင်ခွင့်ရှိသည်။ ထိုသူ ပေးလိုက်လျှင်အသင် ယူပိုင်၏။

(ဒွရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂)

# အခြားသူမှတစ်ဆင့်ဇကားသ်ပေးခြင်း

---

(၁)။ ။ စာရှုသူသည် မိမိဇကားသ်ငွေ သို့မဟုတ် ဇကားသ်ပစ္စည်းများကို ထိုက်တန်သူအား ပို့ပေးရန် လူတစ်ယောက်ကိုငှင်း၊(အဖွဲ့အစည်းတစ်ခုခုကိုငှင်း)၊ ကိုယ်စားလှယ် (သို့မဟုတ်) အာဏာလွှဲပိုင်ခွင့် ရှိပါ သည်။ သို့သော် ဤသို့ ကိုယ်စားလှယ်ခန့်ရာတွင် အ ချက်နှစ်ချက်ကို သတိထားသင့်၏။ ပထမအချက်မှာ

ထိုသူ ယင်းပစ္စည်းများကို ထိုက်တန်သူများကို သား ရွေးပေးမည်ဟု ယုံကြည်စိတ်ချရသူ ဖြစ်ရမည်။ ဒု တိယအချက်မှာ အသင်၏ဇကားသ်သည် ထိုကိုယ် စားလှယ်ထံရှိနေသရွေ့ မိမိထံရှိသကဲ့သို့ ဖြစ်သည်။ ကိုယ်စားလှယ်(သို့မဟုတ်) ထိုအလွှဲခံရသောအဖွဲ့အ စည်းသည် ယင်းဇကားသ်ကို ထိုက်တန်သူအား ပေး လိုက်မှသာလျှင်၊ သို့မဟုတ်ထိုက်သူအပေါ် အသုံးပြု လိုက်မှသာလျှင် အသင်သည် ဇကားသ်တာဝန်ကျေ မည်ဖြစ်သည်။ များစွာသော အဖွဲ့အစည်းများသည် ဇကားသ်ငွေများကို ကောက်ခံ၍ နှစ်ပေါင်းများစွာစု ထားကြ၏။ ယင်းဇကားသ်ကို ထိုက်တန်သူတို့ကို မ ပေးကြ။ ဤသည်အလွန်အမင်း မဆင်မခြင်သော လုပ်ရပ်ဖြစ်သည်။

၂)။ ။ ဇကားသ်ငွေကို မိမိကိုယ်တိုင်က မပေးဘဲ ထိုက် တန်သူကိုပေးလိုက်ပါဟု ပြော၍ အခြားသူအားပေး လိုက်လျှင် ထိုဒုတိယလူသည် ဆင်းရဲသားအား ပေး သောအခါ ဇကားသ်ငွေပေးနေကြောင်း နိယသ်မပြု ဘဲ ပေးလိုက်လျှင်လည်း ဇကားသ်ပိုင်သွား၏။

(အာလမ်ဂီရီကျမ်း)

(၃)။ ။စာရှုသူသည် ငွေမပေးဘဲ မိမိမိတ်ဆွေတစ်ယောက် ယောက်အား ကျွန်ုပ်ဘက်မှဇကားသ် ပေးလိုက်ပါဟု အမိန့်ပေး၍ ထိုမိတ်ဆွေကဇကားသ် ပေးလိုက်လျှင် ဇကားသ်ပိုင်သွားမည်။ ထိုသူစိုက်ခဲ့သောငွေသည် အသင့်အပေါ် အကြွေးတင်နေမည်ဖြစ်သည်။

(ရှာမီကျမ်းအတွဲ-၂)

(၄)။ ။ လူတစ်ယောက်က စာရှုသူ၏စေခိုင်းမှုမပါဘဲ မိမိသဘောဖြင့် စာရှုသူဘက်မှ ဇကားသ်ပေးလိုက်လျှင် ဇကားသ်ပိုင်မည်မဟုတ်။ စာရှုသူက ၄င်းပေးခဲ့သည်ကို အတည်ပြုလိုက်လျှင်လည်း ဇကားသ်ပိုင်မည်မဟုတ်။ ပေးလိုက်သောငွေသည် ထိုသူ့ဘက်မှ နဖိလ်ဆွဒ်ကဟ်သာဖြစ်မည်။ ထိုသူသည် စာရှုသူ၏စေခိုင်းမှုမပါဘဲ မိမိသဘောဖြင့် စိုက်ပေးခဲ့သောငွေကို တောင်းပိုင်ခွင့်လည်းမရှိချေ။

(ရှာမီကျမ်း)

(၅)။ ။ စာရှုသူသည် မိမိ မိတ်ဆွေသို့မဟုတ် ညီ အစ်ကို၊ မောင်နှမ၊ တစ်ဦးဦးအား (ဆိုကြပါစို့)ငွေတစ်ထောင်ပေး၍ "ဒါဇကားသ်ဖြစ်တယ်၊ သင့်တော်သူကို ပေးလိုက်ပါ" ဟုခိုင်းလိုက်လျှင်၊ ထိုသူ ကိုယ်တိုင်ပေးသည်ဖြစ်စေ၊ အခြားသူတစ်ဦးဦး အားပေးခိုင်းသည်

ဖြစ်စေ၊ တစ်ဆင့်ခိုင်းနိုင်သည်။ ထိုသို့ခိုင်းခံရသူက ဤငွေသည် မည်သူမည်ဝါ၏ ဇကားသ်ငွေဖြစ်သည် ဟု ပြောရန်လည်းမလို။

(ဘဟဲရှ်သီဇေဝရ် အတွဲ-၃-စာ-၂၂)

(၆)။ ။ စာရှုသူသည် တစ်ဦးတစ်ယောက်အား "ဤသည် ဇကားသ်ငွေဖြစ်သည်၊ တစ်ယောက်ယောက်ကို ပေးလိုက်ပါ" ဟုပေးလိုက်လျှင် ထိုသူသည် ထိုငွေကို မိမိသားချင်းများအနက် ဆင်းရဲသူများ၊ သို့မဟုတ် ဆင်းရဲသော မိမိ၏ မိဘကိုလည်းပေးပိုင်ခွင့်ရှိသည်။ သို့သော်ထိုသူကိုယ်တိုင် ဆင်းရဲလျှင် ကိုယ်တိုင်ယူပိုင်ခွင့်မရှိ၊ အကယ်၍ပေးသူက "ပေးချင်သူကိုပေးပါ လုပ်ချင်သလိုလုပ်ပါ" ဟုပြော၍ ပေးခဲ့လျှင် ဆင်းရဲသူဖြစ်ခဲ့လျှင် ကိုယ်တိုင်လည်း ယူပိုင်၏။

(ဒုရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂)

# မည်သူတို့ကိုဇကားသ်ပေးပိုင်ခွင့်ရှိသနည်း

---

(၁)။ ။ငွေငါးဆယ့်နှစ်တိုလာခွဲ (သို့မဟုတ်) ရွှေခုနစ်တို

လာခွဲပိုင်ဆိုင်သူသည် တရားတော်အရ ချမ်းသာသူ ဖြစ်သည်။ ထိုနည်းတူ ရွှေနှင့်ငွေမရှိသော်လည်း ငွေ ငါးဆယ့်နှစ် ဝိုလာခွဲ(သို့မဟုတ်) ရွှေခုနစ်တိုလာခွဲ အနက်နည်းရာ၏ တန်ဘိုးနှင့်ညီမျှသော ရောင်းဝယ် ဖောက်ကားသော ပစ္စည်းပိုင်ဆိုင်သူကိုလည်း တရား တော်အရချမ်းသာသူဟုခေါ်သည်။ ထိုသို့သောသူများ ကို ဇကားသ် ပေးပိုင်ခွင့်မရှိ။ ထိုသို့သောသူများအဖို့ ဇကားသ်ငွေ ယူခြင်းသည် ဟလာလ်မဟုတ်။ (ယူ ပိုင်ခွင့်မရှိ)။

(အာလမ်ဂိရီကျမ်း)

(၂)။ ။ ထိုနည်းတူ အထက်၌တင်ပြထားသော စံနှုန်းနှင့် ညီမျှသည့်ရောင်းဝယ်သောပစ္စည်း မဟုတ်သော်လည်း အပိုပစ္စည်းများရှိလျှင် ထိုသူသည်လည်း ချမ်းသာသူ ဖြစ်သည်။ ၄င်းတို့ကိုယ်တိုင်က ဇကားသ်ပေးရန် ဖရတ်ဇ် မဟုတ်သော်လည်း၊ ၄င်းတို့ကိုဇကားသ်ပေး ပိုင်ခွင့်လည်းမရှိချေ။

(ဘဟဲရှ်သီဇေဝရ်ကျမ်း အတွဲ-၃-စာ-၂၃)

(၃)။ ။ အထက်၌ တင်ပြထားသော စံနှုန်းနှင့်ညီမျှသော ရောင်းဝယ်သည့် ပစ္စည်းလည်းမရှိ၊ အပိုပစ္စည်းများ လည်းမရှိလျှင်၊ သို့မဟုတ် စံနှုန်းထက်နည်းလျှင်၊ ထို

သူ့ကို တရားတော်၏ဝေါဟာရ၌ "ဖကီးရ်" (ဆင်းရဲသား) ဟုခေါ်သည်။ ထိုသို့သောသူများကို ဇကားသ်ပေးပိုင်၏။ ထိုသို့သောသူများကလည်း ဇကားသ်ယူပိုင်ခွင့်ရှိ၏။

(ဒုရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂)

(၄)။ ။ တစ်နှစ်လျှင်တစ်ကြိမ်နှစ်ကြိမ်သာ အခမ်းအနားများ၌သုံးလေ့ရှိသော ကြေးအိုးကြီးများ၊ စတီးအိုးကြီးများ၊ ကော်ဇောအပိုင်းကြီးများ၊ အမိုးအကာကြီးများသည်အပိုပစ္စည်းများဖြစ်သည်။ ဤပစ္စည်းများ၏တန်ဘိုးသည် ဇကားသ်ပေးထိုက်သော့စံနှုန်းနှင့် ညီမျှနေလျှင် ထိုသို့သောသူကို ဇကားသ်ပေးလျှင် ဇကားသ်တာဝန်ကျေမည်မဟုတ်။

(ရှာမီကျမ်း အတွဲ-၂)

(၅)။ ။ မိမိနေထိုင်သောအိမ်၊ ဆင်ယင်နေသောအဝတ်အစားများ၊ အိမ်၌အလုပ်လုပ်နေသောအလုပ်သမားများ၊ အသုံးပြုလေ့ရှိသော အိမ်တွင်းရှိပစ္စည်း စသည်များသည် အရေးကြီးလိုအပ်သောပစ္စည်းများ ဖြစ်သောကြောင့် ဤပစ္စည်းများမှအပ အခြားမရှိ သူကို သူကြွယ်ဟုမဆိုနိုင်၊ ထိုပစ္စည်းများသည် မည်မျှပင် တန်

ဘိုးကြီးမားနေသည်ဖြစ်စေ၊ ထိုသူသည် ချမ်းသာသူ မဟုတ်ပေ။ ထို့ကြောင့်ထိုသို့သောသူကို ဇကားသ် ပေးပိုင်ခွင့်ရှိသည်။

ထိုနည်းတူပညာရှင်များ၊ ပညာတတ်များအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စာအုပ်စာတန်းများ၊ လက်မှုပညာရှင်များအတွက်၊ ၎င်းတို့နှင့် သက်ဆိုင်သော ကိရိယာများသည် မည်မျှပင် တန်ဘိုးကြီးမားသည် ဖြစ်စေ၊ အရေးကြီး လိုအပ်သောပစ္စည်းများပင် ဖြစ်သည်။ ၎င်းတို့၌ ယင်းပစ္စည်းများအပြင် ဇကားသ်စံနှုန်းနှင့်ညီမျှသော အခြားပိုင်ဆိုင်မှုမရှိလျှင် ထိုသူ့ကိုလည်း ဇကားသ် ပေးပိုင်ခွင့်ရှိသည်။ ထိုသူသည်လည်း ဇကားသ်ယူထိုက်သူဖြစ်သည်။

(ရှာမီကျမ်း အတွဲ-၂)

(၆)။ ။ လူတစ်ယောက်၌ အဆောက်အဦး လေး၊ ငါးလုံး ရှိသည်။ ယင်းအဆောက်အဦးအား အငှားချထား၏။ (သို့မဟုတ်)အခြားဝင်ငွေရှိသော်လည်း မိသားစုများပြားသောကြောင့် လုံလောက်မှုမရှိ။ အခြားတစ်ဘက်တွင် ထိုသူ၌ ဇကားသ်ပေးထိုက်လောက်အောင် ပိုင်ဆိုင်မှုမရှိလျှင် ထိုသို့သောသူအား ဇကားသ်ပေးပိုင်ခွင့်ရှိ၏။ (ရှာမီကျမ်း အတွဲ-၂)

(၇)။ ။ (ဆိုကြပါစို့)၊ လူတစ်ဦး၌ ငါးသိန်းဘိုးပိုင်ဆိုင်မှု ရှိ၏။ သို့သော်ထိုသူသည် ငါးသိန်း(သို့မဟုတ်) ထို ထက်ပို၍ အကြွေးတင်နေလျှင် ထိုသို့သောသူကို ဇ **ကားသ်ပေးပိုင်ခွင့်ရှိသည်။** အကယ်၍ထိုသူ၌အကြွေး **တော့တင်နေသည်** သို့သော် ထိုအကြွေးသည် ငါး **သိန်းထက်** လျော့နည်းနေလျှင် ထိုသူ၏ပိုင်ဆိုင်မှုများ **မှအကြွေးကို** နှုတ်လိုက်လျှင် ဇကားသ်စံနှုန်းနှင့် ညီ မျှသောပိုင်ဆိုင်မှုရှိလျှင် ထိုသူ့ကို ဇကားသ်ပေးပိုင် ခွင့်မရှိ။ ဇကားသ်စံနှုန်းထက် နည်းနေလျှင် ပေးပိုင် ခွင့်ရှိသည်။

(အာလမ်ဂီရိကျမ်း)

(၈)။ ။ အလွန်ချမ်းသာသူတစ်ယောက်သည် ခရီးထွက်နေ စဉ်၊ အခိုးခံရ၍ လည်းကောင်း၊ အခြားအကြောင်း ကြောင်းကြောင့်လည်းကောင်း၊အိမ်ပြန်ရောက်အောင် ငွေမရှိလျှင်၊ ထိုသူ၌ ၄င်းအိမ်တွင် ဥစ္စာပစ္စည်းမည်မျှ ပင်ရှိစေကာမူ၊ထိုအခြေအနေမျိုး၌ထိုသူ့အားဇကားသ် ပေးပိုင်ခွင့်ရှိ၏။ သို့သော်ထိုသူသည် ထိုအခြေအနေ၌ လိုအပ်သမျှသာ ဇကားသ်ယူပိုင်ခွင့်ရှိ၏။ လိုအပ် ချက်ထက်ပို၍ယူပိုင်ခွင့်မရှိ။

(အာလမ်ဂီရိကျမ်း)

ထိုနည်းနှင်နှင်၊ ဟဂ်ျဝတ်ပြုရန် သွားသူသည် အကြောင်းကြောင်းကြောင့် လမ်းစားရိတ် ကုန်သွားပါက၊ ထိုသူ၏အိမ်၌ မည်မျှပင်ဥစ္စာပစ္စည်းရှိနေစေကာမူ၊ ထိုအခြေနေမျိုးတွင် ထိုသူ့အား ဇကားသ် ပေးပိုင်ခွင့်ရှိသည်။

(အာလမ်ဂီရီကျမ်း)

(၉)။ ။ အရွယ်မရောက်သေးသော ကလေးများ၏ ဖခင်သည် ချမ်းသာပါက ထိုကလေးများကို ဇကားသ်ပေးပိုင်ခွင့်မရှိ။ အကယ်၍ ကလေးများအရွယ်ရောက်ပြီးသော်လည်း၊ ၄င်းတို့၌ကိုယ်ပိုင် ပိုင်ဆိုင်မှုမရှိ၊ သို့သော် ၄င်းတို့၏ဖခင်သည် ချမ်းသာ၏။ ထိုသို့သောသူများကို ဇကားသ်ပေးပိုင်ခွင့်ရှိသည်။

(အာလမ်ဂီရီကျမ်း)

(၁၀)။ ။ အရွယ်မရောက်သေးသော ကလေးများ၏ ဖခင်သည် ဆင်းရဲသော်လည်း မိခင်သည်ချမ်းသာ ၏။ ထိုသို့သော ကလေးများကို ဇကားသ် ပေးပိုင်ခွင့်ရှိသည်။

(ဒုရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂)

(၁၁)။ ။ ဗန္နဟာရှင်မ်တို့အား ဇကားသ်ပေးပိုင်ခွင့် မရှိ။ ဗန္နဟာရှင်မ်ဆိုသည်မှာ "စိုင်ယဒ်" မျိုးနွယ်ဝင်များကို ခေါ်သည်။ ဆိုလိုသည်မှာ တမန်တော်မြတ်(စွလ္လလ္လာဟု အလိုင်းဟိဝစလ္လမ်)၏သမီးတော် ဟဇ်ရသ်ဖာသိမဟ် ဇဟ်ရာ( ရဒွေယလ္လာဟု သအာလာအန်ဟာ) သခင်မ၏သားစဉ်မြေးဆက် တို့ကိုခေါ်ဆို၏။

ထိုနည်းတူ "အလ်ဝီ" မျိုးနွယ်တို့အားလည်းကောင်း၊ ဟဇ်ရသ်အဗ္ဗားစ် သို့မဟုတ် ဟဇ်ရသ် ဂျအ်ဖရ်၊ သို့မဟုတ်ဟဇ်ရသ်အကီးလ်သို့မဟုတ်ဟဇ်ရသ်ဟာရိဆ်ဗင်န် အဗ်ဒွလ်မွသ်သွလိဗ်၏သား သမီးများ ( ရဒွေယလ္လာဟုသအာလာအန်ဟွမ်) အားဇကားသ်ပေးပိုင်ခွင့်မရှိ။

(ဟိဒါယဟ်ကျမ်းအတွဲ-၁)

ထိုနည်းတူ ဝါဂျစ်ဗ်ဆွဒ်ကဟ် များဖြစ်သော "နဇရ်"နှ "ကဖ်ဖာရဟ်"၊ "အွရ်ရ်"၊ "ဆွဒ်ကသွလ်ဖစ်သ်ရ်" စသည်များလည်း ၄င်းတို့အား ပေးပိုင်ခွင့်မရှိ။ သို့သော် နဖိလ်ဆွဒ်ကဟ်နှင့်ခိုင် ရားသ်များပေးပိုင်ခွင့်ရှိသည်။

(ဒွရ်ရိမွခ်သာရ်ကျမ်းနှင့်ရှာမီကျမ်း)

(၁၂)။ ။ကာဖိရ်များအားဇကားသ်ပေးပိုင်ခွင့်မရှိ။ ထိုနည်း

တူ "နဇရ်"၊ "ကပ်ဖာရဟ်"၊ "အွရ်ရ်"၊ "ဆွဒ်ကာသွလ် ဖစ်သ်ရ်" စသည်များလည်းပေးပိုင်ခွင့်မရှိ။ နဖိလ် ဆွဒ်ကဟ်နှင့် ခိုင်ရားသ်များပေးပိုင်ခွင့်ရှိသည်။

(ဘဟဲရ်သိဇေဝရ်ကျမ်း)

# ပလီဝတ်ကျောင်းတော်များ၊ ဘာသာရေးကျောင်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဇကားသ်၏ပညတ်ချက်

---

ဤပညတ်ချက်ကို "ဇကားသ်ပေးနည်းနှင့် ၄င်း၏ ပညတ်ချက်" ဟူသောခေါင်းစဉ်အောက်၌ ဖေါ်ပြခဲ့ပြီးဖြစ် သည်။ သို့သော် အရေးကြီးသော ကဏ္ဍဖြစ်၍ အကျယ် တဝင့်ပြန်လည် တင်ပြလိုက်ပါသည်။

(၁)။ ။ ဇကားသ်ပေးထိုက်သူအားအပိုင်မပေးသရွေ့ ဇကားသ် တာဝန်မကျေသောကြောင့်၊ ဇကားသ်ငွေဖြင့် ပလီဝတ်ကျောင်းတော် တည်ဆောက်ခြင်း၊ (လာဝါရိဆ်) အမွေစားအမွေခံမရှိသော ဆင်းရဲသားအား ကဖန်(န်)ဝယ်ပေးခြင်း၊ ဒဖန်(န်)မြှုပ်နှံရန် အစီအစဉ်ပြုပေးခြင်း၊ မိမိဇကားသ်ငွေဖြင့် ကွယ်လွန်သူဘက်မှ အကြွေးဆပ်ပေးခြင်း များပြုလုပ်လျှင် ဇကားသ်ပိုင်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဇကားသ် အဆင့်၌ အပိုင်လက်ခံသူမရှိသောကြောင့်ဖြစ်သည်။

(ဒုရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂)

(၂)။ ။ ဆင်းရဲသားများအား အခမဲ့ ဝေငှပေးလေ့မရှိဘဲ၊ အဖိုးအခအဖြစ် ပေးလေ့ရှိသော ဘာသာရေးကျောင်း၊ ဘာသာရေး အဖွဲ့အစည်းများ၌လည်း ဇကားသ်ပေးပိုင်ခွင့်မရှိ။ အကယ်၍ အဖွဲ့အစည်း တစ်ခုသည် ဆင်းရဲသောပညာတော်သင်များ၊ ဆင်းရဲသူ၊ ဆင်းရဲသားများအား အခမဲ့ ထမင်းကျွေးမွေးနေလျှင်၊ ထိုကျောင်းထိုအဖွဲ့အစည်းများကို ဇကားသ် ပေးပိုင်ခွင့်ရှိသည်။ သို့သော် မိမိပေးလိုက်သော ဇကားသ်သည် ငွေဖြစ်လျှင်ငွေ၊သို့မဟုတ်ထိုငွေ၏အစား စားသောက်ဖွယ်ရာ များဆင်းရဲသားများ၏ လက်တွင်းသို့ရောက်

သွားမှသာ ဇကားသ်တာဝန် ကျေမည်ဖြစ်သည်။ ၄င်းတို့၏လက်တွင်းသို့ မရောက်သေးသမျှ တာဝန်ကျေမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ကိုယ်စားလှယ်သည် ကြားလူသာဖြစ်သောကြောင့်ဖြစ်သည်။

ထိုနည်းတူ ဝတ္ထုပစ္စည်းများ ဥပမာ–အဝတ်အစားနှင့် အခြားပစ္စည်းများပေးထားလျှင် ဆင်းရဲသားများလက်တွင်းသို့ မရောက်သမျှ ဇကားသ်တာဝန်ကျေမည်မဟုတ်။

(၃)။ ။ လူတစ်ယောက်က ဇကားသ်ငွေဖြင့် စာအုပ်စာတန်းများ၊ အဝတ်အထည်များဝယ်၍ (မဒ်ရဆဟ်) ကျောင်း၌ပေးခဲ့လျှင်၊ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအားပေးခဲ့လျှင်၊ ယင်းစာအုပ်နှင့် အဝတ်အထည်များကိုဆင်းရဲသားများအားအပိုင်ပေးမှသာလျှင် ဇကားသ်တာဝန်ကျေမည်။ သို့မဟုတ်ပါက ဇကားသ်တာဝန်ကျေမည်မဟုတ်။

(၄)။ ။ အရဗီကျောင်းများ၌ ကျမ်းစာအုပ်များကို ပညာတော်သင်များအား အပိုင်မပေးဘဲ၊ ယာယီထုတ်ပေးပြီး နှစ်ကုန်လျှင် ပြန်သိမ်းလေ့ရှိသောကြောင့် ယင်းကျမ်းစာအုပ်များကို ဇကားသ်ငွေဖြင့် ဝယ်ပိုင်ခွင့်မရှိ

ချေ။ ထိုနည်းတူ ကျောင်းသူ ကျောင်းသားများအား ယာယီဝတ်ဆင်ရန် အဝတ်အထည်များ၊ ခြုံရန်၊ ရုံရန် စောင်များကိုလည်း ဇကားသ်ငွေဖြင့်ဝယ်ပိုင်ခွင့်မရှိ။

ကျမ်းစာအုပ်များ၊ အဝတ်အထည်များနှင့် စပ်လျဉ်း၍ အခက်အခဲကြုံလာလျှင်၊ ဇကားသ်ပေးမည့်သူသည် မိမိဇကားသ်ငွေဖြင့် ကျမ်းစာအုပ်များ၊ သို့မဟုတ်အဝတ်အထည်များဝယ်၍ဇကားသ် ပေးထိုက်သူအားအပိုင်ပေးလိုက်ရမည်။ ထို့နောက် ထိုအပေးခံရသူသည် မည်သူတစ်ဦးတစ်ယောက်၏ အကျပ်ကိုင်မှုမှ မပါဘဲ၊ မိမိသဘောဖြင့်ကျောင်း သို့ပေးအပ်လိုက်လျှင် ဇကားသ်ပိုင်သွားမည်။ ယခုဤကျမ်းစာများကို မည်သူ့ကိုမှအပိုင်မပေးလျှင်လည်းပိုင်၏။ ဤသို့ပြုခြင်းဖြင့် ဇကားသ်ပေးသူ ကိုဇကားသ်၏အကျိုးဆဝါးဗ် အပြည့်အဝရရှိမည့်အပြင် ကျောင်းသို့တစ်ဆင့်လှူခဲ့သော ထိုဆင်းရဲသားသည်လည်း "ဆွဒ်ကဟ်ဂျာရီယဟ်" ၏အကျိုးဆဝါးဗ် ရရှိနေမည်ဖြစ်သည်။

၅)။ ။ ဆင်းရဲသားပညာတော်သင်များအား ဇကားသ်ငွေမှ ပညာရေးစားရိတ်ထောက်ပံ့ပိုင်ခွင့်ရှိသည်။

၆)။ ။ ဆင်းရဲသားပညာတော်သင်များအား ထောက်ပံ့ရန်

"မဒ်ရဆဟ်" ကျောင်း၌ ဇကားသ်ငွေပေးခြင်းဖြင့် ဇကားသ်ပေးသောအကျိုးဆဝါးဗ်နှင့်သာသနာ့ပညာကို တစ်ဘက်တစ်လမ်းမှ ပံ့ပိုးသောအကျိုးဆဝါးဗ် ဟူ၍ အကျိုးဆဝါးဗ် နှစ်မျိုးရရှိမည်ဖြစ်သည်။ သို့သော် ဇကားသ်ငွေကို ဆင်းရဲသား ပညာတော်သင်များအား စံနစ်တကျကျွေးမွေး၊ အပိုင်ပေးကမ်းသော ကျောင်းများ၌ ပေးရန်ကိုသတိ ကြီးစွာထားရမည်။

ဇကားသ်ငွေကို ဆေးရုံဆောက်ရာ၌၄င်း၊ အခြားအရေးကြီး လိုအပ်ချက်များ၌၄င်း၊ လုပ်သားများ၊ အလုပ်သမားများအားလုပ်ခ၊ လခများ၌လည်းကောင်း၊ သုံးပိုင်ခွင့်မရှိ။ ဇကားသ်ငွေဖြင့် ဆင်းရဲသူဆင်းရဲသားများအားဆေးဝါးဝယ်၍ဝေငှလိုက်လျှင် ဇကားသ်ပိုင်သွားမည်ဖြစ်သည်။

**မှတ်ချက်။** ။ ပလီဝတ်ကျောင်းတော်များ၊ ဘာသာရေးစာသင်ကျောင်းများနှင့် ဆင်းရဲသူ ဆင်းရဲသားများအတွက် ဆေးရုံများ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း၊ တံတားတည်ခြင်း စသည်တို့သည် အကျိုးဆဝါးဗ်များပြား၍ အလွန်မွန်မြတ်သော လုပ်ငန်းများဖြစ်ကြသော်လည်း၊ ရှရီအသ် တရားတော်၌ "ဗိုင်သွလ်မားလ်" အစ္စလာမ့်ဘဏ္ဍာတော်၏အခြားစာရင်း

များမှ သုံးစွဲရမည်ဖြစ်သည်။ "ဗိုင်သွလ်မားလ်"မရှိသောအခါမျိုးတွင် "လိလ္လာဟ်" "ခိုင်ရားသ်"စာရင်းမှ ကောက်ခံ၍သုံးစွဲရမည်။ ဤကိစ္စမျိုး၌ ဇကားသ်ငွေကိုသုံးပိုင်ခွင့်မရှိ။ မလွှဲသာသော အခြေအနေမျိုးတွင် အထက်ပါလုပ်ငန်းများကို အကောင်အထည် ဖေါ်လိုစိတ်ပြင်းပြနေသော ဆင်းရဲသားများအား ဇကားသ်ငွေကို အပိုင်ပေးလိုက်ရမည်။ ထို့နောက်ထိုသူသည် မည်သူ တစ်ဦးတစ်ယောက်၏ အကျပ်ကိုင်မှုမပါဘဲ၊ မိမိသဘောဖြင့် ပေးလှူလိုက်လျှင် အထက်ပါကိစ္စမျိုး၌ သုံးပိုင်ခွင့် ရှိသွားမည်ဖြစ်သည်။

သို့သော် "ဟီလအိသမ်လီးက်" အမည်ဖြင့် ဟန်ဆောင်ပိုင်ဆိုင်မှုဖြင့် ဇကားသ်တာဝန်ကျေမည် မဟုတ်သည်ကို သတိကြီးစွာ ထားစေချင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော အခြေအနေမျိုး၌ ပေးခံရသူသည်လည်း နှုတ်ဖြင့်သာ ပေးနေကြောင်း အပိုင်ပေးခံရသည်မဟုတ်ကြောင်းကိုကြိုတင်သဘောပေါက်ထားသောကြောင့် ပိုင်ဆိုင်ရာ မမြောက်သည့်အပြင် ဇကားသ်ပေးသူ၏ ဇကားသ်သည်လည်း တာဝန်ကျေမည်မဟုတ်၊ ထိုသို့သောငွေကို ပလီဝတ်ကျောင်းတော်များ၊ ဘာသာရေး ကျောင်းများနှင့် ၄င်း၏လိုအပ်ချက်များ၌ အသုံးပြုပိုင်ခွင့်မရှိချေ။

အထက်ပါ ပညတ်ချက်များနှင့် စပ်လျဉ်း၍ အကျယ်သိလိုပါက အရဗီဘာသာဖြင့်ပြုစုထားသော ဖိကဟ် (အစ္စလာမ့်ဥပဒေ)ကျမ်းများအပြင် "ကုရ်အာန်မေ နေဇာမေ ဇကားသ်" ဟူသောစာအုပ်ကို လေ့လာရှုစားနိုင်ပါသည်။

# သားချင်းများနှင့်မိတ်ဆွေအပေါင်းအဖေါ်များကိုဇကားသ်ပေးခြင်း

---

(၁)။ ။ မိမိဇကားသ်ကို မိမိ၏မိဘ၊ အဖ၏မိဘ၊ အမိ၏မိဘ၊ အဘိုး၊ အဘွားများကိုပေးပိုင်ခွင့်မရှိ။

ထိုနည်းတူ မိမိသားသမီး အရင်းအခြာ၊ မြေး၊ မြစ်များကိုလည်း ပေးပိုင်ခွင့်မရှိ၊ ထိုနည်းပင် လင်ယောက်ျားက မိမိဇနီးကို ၊ဇနီးက လင်ယောက်ျားကို ပေးပိုင်ခွင့်မရှိ။

(ဟိဒါယဟ်ကျမ်း၊ အတွဲ-၁)

(၂)။ ။အထက်၌ တင်ပြခဲ့သော သားချင်းများအပြ- အခြားသားချင်းများဖြစ်သော ညီ၊ အစ်ကို၊ အစ်မ၊ ညီမ၊ တူ၊ တူမ၊ ဖခင်၏ညီအစ်ကို မောင်နှမများ၊ မိခင်၏အစ်ကို၊ မောင်၊ ညီမ၊ အစ်မများ၊ မိထွေး၊ ပထွေး၊ ၄င်းတို့၏မိဘများ၊ ယောက္ခထီး၊ ယောက္ခမ၊ တို့အား ဇကားသ်ပေးပိုင်ခွင့်ရှိသည်။ သို့သော်၄င်း တို့သည် ဇကားသ်ပေးထိုက်သူများ ဖြစ်မှသာလျှင် ပေးပိုင်၏။

(ရှာမီကျမ်း အတွဲ-၂)

(၃)။ ။ဇကားသ်နှင့် အခြားဆွဒ်ကဟ်၊ ခိုင်ရားသ်များ ပေးရာတွင် မိမိသားချင်းများကို ဦးစားပေးရမည်။ ၄င်းတို့ဆင်းရဲနေလျှင် ၄င်းတို့ကိုသာ ဦးစားပေးရ မည်။ သို့သော် ၄င်းတို့သည် ရက်ကြောက်မည်ဖြစ် သောကြောင့် ၄င်းတို့အားဇကားသ်၊ ဆွဒ်ကဟ်ပေးနေ ကြောင်းပြော၍ မပေးရ။ ဟဒီးဆ်တော်တွင် လာရှိ သည်မှာ "သားချင်းများအား ဇကားသ်နှင့် ခိုင်ရားသ် ပေးလျှင်၊ ခိုင်ရားသ်၏အကျိုးနှင့်သားချင်းများအပေါ် ကျေးဇူးပြုခြင်းဟူသော အကျိုးဆဝါးဗ် နှစ်မျိုးရရှိ မည်" ဟုပါရှိ၏။ ထို့ကြောင့်၄င်း တို့ကိုဦးစားပေး၍ ကျန်မှသာလျှင် အခြားသူများ ကိုပေးရမည်။

(အာလမ်ဂီရီကျမ်း)

(၄)။ ။နို့တိုက်ကျွေးထားသောသားသမီးများ၊ နို့တိုက်ကျွေးခဲ့သော မိဘများအား ဇကားသ် ပေးပိုင်ခွင့်ရှိသည်။

နို့တိုက်ကျွေးခဲ့သော သားသမီးဆိုသည်မှာ အမျိုးသမီးတစ်ဦးသည် ရပ်ကွက်အတွင်းရှိ အခြားကလေးအား ငယ်စဉ်ကနို့တိုက်ကျွေးခဲ့လျှင် ထိုကလေးသည် ထိုအမျိုးသမီး၏ နို့တိုက်ကျွေးသောသား၊ နို့တိုက်ကျွေးသောသမီးဖြစ်သွားသည်။ ထိုနည်းတူ ထိုအမျိုးသမီးနှင့်သူမ၏ခင်ပွန်းသည် ထိုကလေး၏ နို့တိုက်ကျွေးခဲ့သော အမိ၊ အဖဖြစ်သွားသည်။

(ရှာမီကျမ်းအတွဲ-၂)

(၅)။ ။ မိမိအိမ်၊(သို့မဟုတ်)ဆိုင်ရှိ အလုပ်သမားများ၊ အိမ်၌ လာရောက်အဝတ်လျှော်သူများ၊ မိမိ၏ကားမောင်းသူများ၊ စသည်များသည် ဆင်းရဲလျှင် ၄င်းတို့ကိုလည်းဇကားသ်ပေးနိုင်သည်။ သို့သော်ဇကားသ်ငွေကိုလခအဖြစ် မပေးနိုင်။ လခအပြင် လက်ဆောင်ဟုပြော၍ပေးကာ စိတ်အတွင်းမှ ဇကားသ်ပေးနေကြောင်း ရည်ရွယ်လိုက်လျှင်ပိုင်၏။ သို့မဟုတ်ပါကပိုင်မည်မဟုတ်။

(အာလမ်ဂီရီကျမ်း)

(၆)။ ။ မြို့တစ်မြို့၏ဇကားသ်ကိုအခြားမြို့သို့ပို့ခြင်းသည် မက္ကရူးဟ်ဖြစ်သည်။ သို့သော်အခြားမြို့၌ ဆင်းရဲသော သားချင်းများရှိလျှင်၊ သို့မဟုတ်အခြားမြို့ရှိ လူများ သည် မိမိမြို့ရှိ ဆင်းရဲသားများထက်ပို၍ ဦးစားပေး ထိုက်လျှင်၊ အခြားမြို့သို့ ပို့ပိုင်ခွင့်ရှိသည်။

ထိုနည်းတူ အခြားမြို့နေလူများသည် သာသနာ့ တာဝန်ကို ဆောက်ချဆောင်ရွက်နေလျှင်၊ ဥပမာ–သာ သနာ့ပညာပို့ချနေလျှင်၊ သင်ယူနေလျှင်၊ သို့မဟုတ် ကိုင်းရှိုင်းမှုရှိကြသော သာသနာ့ပညာရှင်များ ရှိနေ လျှင်၊ သို့မဟုတ် မုဂျာဟိဒ် သာသနာ့အတွက် သက် စွန့်ကြိုးပမ်းသူများရှိနေ၍ ဇကားသ် ပေးထိုက်သူများ ဖြစ်လျှင် အခြားမြို့သို့ ပို့ပိုင်ခွင့်ရှိသည် သာမက ပို၍ **အကျိုးဆဝါးဗ်ရရှိ၏။**

**(အာလမ်ဂိရီကျမ်း)**

# ဇကားသ်ပေးရာ၌မှားခဲ့သော်

---

(၁)။ ။ အကယ်၍လူတစ်ဦးကို ဆင်းရဲသည်၊ ပေးထိုက် သည်ဟုထင်၍ ဇကားသ်ပေးမိ၏။ ပေးပြီးမှ ထိုသူ

ချမ်းသာနေမှန်းသိရ၏။ သို့မဟုတ်စိုင်ယဒ်ဖြစ်မှန်းသိရ၏။ (သို့မဟုတ်)ညအမှောင်၌ပေးခဲ့ရာမှား၍ မိမိ၏မိခင်၊ သို့မဟုတ်ဖခင်ကိုပေးခဲ့မိလျှင်၊ ဇကားသ်ပိုင်သွား၏။ သို့သော်ရရှိသူက ဤငွေသည် ဇကားသ်ငွေဖြစ်ကြောင်းနှင့်ဇကားသ် ယူထိုက်သူ မဟုတ်ကြောင်းသိသွားလျှင်အခြားယူ ထိုက်သူတစ်ဦးအား ပေးလိုက်ရမည်။

(ဒွရ်ရိမွခ်သာရ်ကျမ်း)

(၂)။ ။ လူတစ်ဦးကို ချမ်းသာသူဖြစ်၊ မဖြစ် သံသယရှိနေလျှင် စုံစမ်းခြင်းမပြုပြီးသရွေ့ ထိုသူ့အား ဇကားသ်မပေးရ။ အကယ်၍ စုံစမ်းခြင်းမပြုဘဲပေးမိလျှင် မှန်းကြည့်ရမည်၊ ဆင်းရဲမည်ဟုအထင်များလျှင်ဇကားသ်ပိုင်သွား၏။ချမ်းသာမည်ဟုအထင်များလျှင်ဇကားသ်ပိုင်မည်မဟုတ် ထပ်မံပေးရလိမ့်မည်။

(ရှာမီကျမ်းအတွဲ-၂)

# အထွေထွေ

(၁)။ ။ အမျိုးသမီးတစ်ဦးသည် မိမိခင်ပွန်းထံမှ ဇကားသ်စံနှုန်းနှင့်ညီမျှသော၊သို့မဟုတ်ထို့ထက်ပို၍

"မဟာရ်" ခန်းဝင်ကြေးရရန်ရှိ၍တောင်းလျှင်မဆိုင်း မတွခင်ပွန်းက ပေးမည်ဟု မျှော်လင့်ချက်ရှိလျှင်၊ ထိုအမျိုးသမီးဆင်းရဲနေပါက **သူမကိုဇကားသ်ပေး** ပိုင်ခွင့်မရှိ၊ အကယ်၍သူမသည် အကြွေး**ရစရာရှိ** သော်လည်း **သူမ၏ခင်ပွန်းသည်အလွန်ဆင်းရဲနေ** လျှင်၊ သို့မဟုတ်ချမ်းသာသော်လည်း **တမင်မပေး** လျှင်၊ ထိုအမျိုးသမီးဆင်းရဲနေလျှင်သူမကိုဇကားသ် ပေးပိုင်၏။ ထိုနည်းတူ သူမရစရာရှိသော်လည်း မိမိသဘောဖြင့်ခွင့်လွှတ်လိုက်လျှင်သူမကိုဇကားသ် ပေးပိုင်ခွင့်ရှိသည်။

**(ဒွရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂)**

**မှတ်ချက်။** ■ အများအားဖြင့်လူတို့သည်တောင်းစား သူများကိုသာ "ဖကီရ်" သူဆင်းရဲဟုထင်နေကြ သည်။ အမှန်မှာတစ်ခါတစ်ရံ အချို့သူတို့သည် ရှက်ကြောက်၍နှုတ်ဖြင့်ဖွင့်ဟမပြောရဲကြ၊ ဝတ်စား ဆင်ယင်မှုဖြင့် ဆင်းရဲမှန်း မသိရသူများလည်းရှိ တတ်၏။ အပေါ်ယံအားဖြင့် ၎င်းတို့သည်ဆင်း ရဲသည်ဟုမသိရ၊ တစ်ခါတစ်ရံ အချို့လခစားလုပ် ကိုင်စားသောက်သူများသည် သားသမီးများပြား၍ ကျပ်တည်းစွာ နေထိုင်ကြရသည်လည်း ရှိ၏။ စုံစမ်း

မေးမြန်း၍ထိုသို့သောသူများကိုသိရလျှင် ၄င်းတို့ကို တန်ဘိုးထားရမည်။ ၄င်းတို့ကိုရှာကြံ၍ ပေးခြင်းသည်ပို၍အကျိုးဆ၀ါးဗ်ရရှိ၏။ အဘယ်ကြောင့်ဆိုသော်တောင်းစားလေ့ရှိသူသည် အခြားနေရာမှရှာ၍ တောင်းကာ မိမိပြဿနာကို ဖြေရှင်းမည်ဖြစ်သော်လည်းရှက်ကြောက်၍ နူတ်ငုံနေသော ဤဆင်းရဲသားသည် မည်သူ့ကိုမှ ဖေါ်ပြမည်မဟုတ်ဘဲ ကြိတ်မှိတ်၍ ခံနေမည်ဖြစ်သောကြောင့်ဖြစ်သည်။

---

# သီးနှံများအပေါ်ကောက်ခံသည့်အခွန် (အုရှ်ရ်) အကြောင်း

---

အုရှ်ရ်နှင့်အုရှ်ရီမြေဆိုသည်မှာ---

အီမာန်ရှင်များက ကာဖိရ်များထံမှ အောင်နိုင်၍ ရရှိသောမြေကို အမိရ်က အစ္စလာမ်ဘာသာဝင်များအား ခွဲဝေပေးခဲ့လျှင် ယင်းမြေကို “အုရှ်ရီ”မြေဟု ခေါ်သည်။

ထိုနည်းတူ တစ်နေရာရာရှိ ကာဖိရ်များသည် စစ်တိုက်ခြင်းမပြုဘဲ မိမိသဘောဖြင့် အစ္စလာမ်ဘာသာကို သက်ဝင် ယုံကြည်လာကြလျှင်၊ ၄င်းတို့ပိုင် မြေကိုလည်း

“**အုရှ်ရီ**” မြေဟုခေါ်သည်။

သို့သော် စစ်တိုက်ခြင်းမပြုဘဲ ညှိနှိုင်းဆွေးနွေးပြီး မြေကွက်ရရှိလာ၍ ယင်းမြေကွက်များကို ကာဖိရ်များအား ပြန်၍ နေရာချပေးထားသော မြေကွက်သည် “အုရှ်ရီ” မြေ မဟုတ်ချေ။

ထိုနည်းတူ ကာဖိရ်များနှင့်စစ်တိုက်၍ မြေကွက်ရရှိ၏။ သို့သော်ယင်းမြေကွက်ကို အိမာန်ရှင်များအား ခွဲဝေမပေးဘဲ၊ မူလကနေနေကျ ကာဖိရ်များအား နေခွင့်ပြုထားလျှင် ထိုမြေကိုလည်း “အုရှ်ရီ” မြေဟုမခေါ်နိုင်။

(ဟိဒါယဟ်ကျမ်းအတွဲ-၁၊ စာ-ရ၀)

ပညတ်ချက်။ ။ အကယ်၍လူတစ်ဦး၌ ဘိုးဘွားပိုင် အုရှ်ရီ မြေရှိခဲ့လျှင် (သို့မဟုတ်)အစ္စလာမ်ဘာသာဝင်တစ်ဦး ထံမှ ဘိုးဘွားပိုင် အုရှ်ရီမြေကိုဝယ်ခဲ့လျှင် ထိုမြေမှ ထွက်ရှိသောသီးနှံများအပေါ် ဇကားသ်ပေးရန်ဖရတ်ဖ် တာဝန်ဖြစ်သည်။ ထို၊ ဇကားသ်ကို “အုရှ်ရ်” ဟုခေါ် သည်။

(ရှာမီကျမ်းအတွဲ-၂၊ စာ-ရ၄)

ပညတ်ချက်။ ။ အုရှ်ရီမြေကိုဘာသာခြားကဝယ်လိုက် လျှင် ထိုမြေသည် အုရှ်ရီမဟုတ်တော့ချေ။ ထိုသူ့ထံမှ

အီမာန်ရှင်တစ်ဦးဦးက ထပ်မံဝယ်လိုက်လျှင်၊ (သို့မဟုတ်)အခြားမှန်ကန်သောနည်းလမ်းဖြင့် အီမာန်ရှင်တစ်ဦးဦးက ရရှိလျှင်လည်း ထိုမြေသည် အုရှ်ရီမြေမဖြစ်၊ ထို့ကြောင့် ယင်းမြေမှထွက်ရှိသော သီးနှံများအပေါ် ဇကားသ်ပေးရန်တာဝန်မရှိ။

(ဒွရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂)

# ဇကားသ်နှင့်အုရှ်ရ်၏ခြားနားမှု

---

ဇကားသ်နှင့်အုရှ်ရ်တွင် ခြားနားမှု ခြောက်မျိုးရှိသည်။ ၎င်းတို့မှာ---

(၁)။ ။ အုရှ်ရ်ထိုက်လာရန် သတ်မှတ်ထားသော စံနှုန်းမရှိ။ သီးနှံအထွက်နည်းသည်ဖြစ်စေ၊ များသည် ဖြစ်စေ အုရှ်ရ်ပေးရန် တာဝန်ရှိသည်။ သို့သော် ဆွားအ်တစ်ဝက် (တစ်ပိဿာနှင့် တစ်ဆယ်သား) ထက်ပင် နည်းနေလျှင်တာဝန်မရှိ။

(ဒွရ်ရိမွခ်သာရ်ကျမ်းနှင့်ရှာမီကျမ်း အတွဲ-၂)

(၂)။ ။ အခွန်ရှ်ရ်ပေးရာတွင် တစ်နှစ်ပြည့်ရန် အရေးမကြီး၊ ထို့ကြောင့် အုရှ်ရီမြေကွက်ပေါ်တွင် တစ်နှစ်လျှင်နှစ်ကြိမ် အသီးသီးခဲ့သော်၊ သို့မဟုတ် တစ်နှစ်လျှင် နှစ်ကြိမ်သီးနှံပေါက်ရောက်ခဲ့သော်၊ အကြိမ်တိုင်း သီးနှံအပေါ် အုရှ်ရ်ပေးရန်ဖရတ်ဇ်တာဝန်ဖြစ်သည်။

(ဒွရ်ရိမွခ်သာရ်ကျမ်းနှင့်ရှာမီကျမ်း အတွဲ-၂)

(၃)။ ။အုရှ်ရ်ဖရတ်ဇ်ထိုက်ရန် ပိုင်ရှင်သည် ဦးနှောက်ကောင်းရန်အရေးမကြီး။ ရူးသွပ်သူပိုင်အုရှ်ရီမြေအပေါ်၌လည်းအုရှ်ရ်ထုတ်ရန် ဖရတ်ဇ်တာဝန်ဖြစ်သည်။

(ဒွရ်ရိမွခ်သာရ်ကျမ်းနှင့်ရှာမီကျမ်း အတွဲ-၂)

(၄)။ ။ အုရှ်ရ်ဖရတ်ဇ်ထိုက်ရန် ပိုင်ရှင်သည် အရွယ်ရောက်ပြီးသူဖြစ်ရန် အရေးမကြီး။ အရွယ်မရောက်သေးသောကလေး၏အုရှ်ရီမြေအပေါ် အုရှ်ရ်ထုတ်ရန် ဖရတ်ဇ်ဖြစ်သည်။

(ဒွရ်ရိမွခ်သာရ်ကျမ်းနှင့်ရှာမီကျမ်း အတွဲ-၂)

(၅)။ ။ အုရှ်ရ်ဖရတ်ဇ်ထိုက်ရန် ပိုင်ရှင်သည်လွတ်လပ်သူဖြစ်ရန်အရေးမကြီး၊ ကျွန်ဘဝ၌ ရှိသူ၏အုရှ်ရီမြေအပေါ်၌လည်းအုရှ်ရ်ပေးရန်ဖရတ်ဇ်တာဝန်ဖြစ်သည်။

(ဒွရ်ရိမွခ်သာရ်ကျမ်းနှင့်ရှာမီကျမ်း အတွဲ-၂)

(၆)။ ။ အုရှ်ရ်ဖရတ်ခ်ထိုက်ရန် မြေပိုင်ဖြစ်ရန်မလို၊ ဝကဖ် ပြုထားသောမြေပေါ်၌ ဝကဖ်ပြုခံရသူများက စိုက်ပျိုး လျှင်ယင်းသီးနှံများအပေါ်၌လည်း အုရှ်ရ် ပေးရန် ဖ ရတ်ဇ်တာဝန်ဖြစ်သည်။

ထိုနည်းတူ အုရှ်ရ်မြေကို ငှားရမ်း၍စိုက်ပျိုးခဲ့လျှင် ယင်းသီးနှံအပေါ်တွင်လည်း အုရှ်ရ်ပေးရန် ဖရတ်ဇ် ဖြစ်သည်။

(ဒွ်ရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂၊ စာ၅၃)

# မည်သို့သောသီးနှံများပေါ်တွင် အုရှ်ရ်ပေးရ၍ မည်မျှပေးရမည်နည်း။

---

(၁)။ ။ အုရှ်ရီမြေပေါ်၌သာ အုရှ်ရ်ပေးရန် ဝါဂျိဗ်ဖြစ် သည်။ အခြားမြေများပေါ်တွင် အုရှ်ရ်ပေးရန် တာ ဝန်မရှိ။ ယင်းမြေများသည် ခရာဂျီ(အခွန်ပေးရသော မြေ) များဖြစ်ခဲ့လျှင် အခွန်ငွေကောက်ခြင်းသည် အာ ဏာပိုင်များ၏အလုပ်ဖြစ်သည်။

(၂)။ ။ ခရောဂျီ(အခွန်ပေးရသောမြေ)များအပေါ်အခွန်ပေးလိုက်ပါကတာဝန်ကျေသွားသော်လည်း အုရှ်ရီမြေများပေါ်တွင် အခွန်ပေးသော်လည်း အုရှ်ရ်တာဝန်ကျေမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် အာဏာပိုင်များသည် အခွန်ကောက်ခံသောအခါ အုရှ်ရ် ဟူ၍ အမည်တတ်ခြင်းမပြုကြ။ အုရှ်ရ်၏စည်းကမ်း နှင့်အညီသုံးစွဲမည်ဟုလည်းကတိမပေးထားကြ။ ထို့ကြောင့် အိမ်နီးချင်းများသည် အုရှ်ရီမြေပေါ်၌အခွန်အကောက်များအပြင် အုတ်ရှ်ရ်ကိုထုတ်၍ဇကားသ် ပေးထိုက်သူများအပေါ်တွင် သုံးစွဲရန် အရေးကြီးသည်။

(၃)။ ။ရေသွင်း စိုက်ပျိုးခြင်းမပြုရဘဲ မိုးရေဖြင့်သာပေါက်ရောက်သောသီးနှံများအပေါ်တွင်ဆယ်ပုံတစ်ပုံဇကားသ်ထုတ်ရ၍ ယင်းကိုဆွဒ်ကဟ်ပြုခြင်းသည် ဝါဂျိဗ်ဖြစ်သည်။

ထိုနည်းတူ မြစ်ချောင်း အင်းအိုင်များ၏ဘေးတွင်ရှိသော အုရှ်ရီမြေသည် အလိုအလျောက်ရေဝင် နေသောမြေဖြစ်ပါက ယင်းမြေမှထွက်ရှိသော သီးနှံအပေါ်ဆယ်ပုံတစ်ပုံဇကားသ်ပေးရ၏။

(ဟိဒါယဟ်ကျမ်း)

(၄)။ ။ တွင်းရေ၊ မြစ်ရေများမှရေသွင်း၍ စိုက်ပျိုးရသော မြေမှထွက်ရှိသောသီးနှံများအပေါ်တွင်အပုံနှစ်ဆယ်ပုံ တစ်ပုံဇကားသ်ပေးရ၏။ အပုံနှစ်ဆယ်သည်အုရှ်ရ်၏ထက်ဝက်ဖြစ်သော်လည်း တရားတော်၏ ဝေါဟာရ၌ယင်းကိုလည်း အုရှ်ရ်ဟုခေါ်သည်။

(ဟိဒါယဟ်ကျမ်း)

(၅)။ ။ ဥယျာဉ်မှ ထွက်ရှိသော သီးနှံများ၏အမိန့် ပညတ်တော်သည်လည်း အထက်၌တင်ပြခဲ့သော မြေမှထွက်ရှိသောသီးနှံများ၏ပညတ်တော်ကဲ့သို့ရေမသွင်းရဘဲ မိုးရေဖြင့်သာ ပေါက်ရောက်ခဲ့လျှင်ဆယ်ပုံ တစ်ပုံပေးရ၍ တွင်းရေမြစ်ရေများသွင်း၍ စိုက်ပျိုးရလျှင် အပုံနှစ်ဆယ်ပုံ တစ်ပုံအုရှ်ရ်ပေးရန် ဝါဂျိဗ်ဖြစ်သည်။

(အာလမ်ဂိရီကျမ်း)

(၆)။ ။ ကြံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းစသည်များပေါက်ရောက်ခဲ့လျှင်၄င်းတို့အတွက်ဥပဒေသည်လည်း ဤအတိုင်းပင်ဖြစ်သည်။

(အာလမ်ဂိရီကျမ်း)

(၇)။ ။ မြေပိုင်ရှင်တစ်ဦးသည် မိမိပိုင်မြေကို သူတစ်ပါးအားငှားရမ်းလိုက်ပါကယင်းမြေမှထွက်ပေါ်လာသော

သီးနှံအပေါ်တွင် အွရ်ှရ်ပေးရန်မှာ ငှားရမ်းစိုက်ပျိုးသူ၏တာဝန်သာဖြစ်၏။ မြေပိုင်ရှင်၌ တာဝန်မရှိပေ။ အကယ်၍မြေပိုင်ရှင်တစ်ဦးသည် အခြားသူတစ်ဦးနှင့် စပ်တူစိုက်ပျိုးခဲ့လျှင် ထွက်ရှိလာသော သီးနှံအပေါ်တွင် အုရ်ှရ်ကိုနှစ်ဦးစလုံးက အချိုးကျပေးရမည်။

(ဘဟဲရ်သီဖေဝရ်ကျမ်း)

(၈)။ ။ အုရ်ှရီမြေ သို့မဟုတ် တောင်မှသို့မဟုတ် တောမှများရည်ရလာလျှင် ယင်းအပေါ်၌လည်း ဆယ်ပုံတစ်ပုံ အုရ်ှရ်ပေးရန်ဖရတ်ဇ်ဖြစ်သည်။

(ဒွရ်ရိမွခ်သာရ်ကျမ်း)

(၉)။ ။ လူတစ်ယောက်သည် မိမိအိမ်၌ သီးနှံသို့မဟုတ် အပင်တစ်ပင်စိုက်ခဲ့ရာယင်းသစ်ပင်၌ပေါက်လာသော သီးနှံအပေါ်တွင် အုရ်ှရ်ပေးရန် ဖရတ်ဇ်တာဝန်မရှိ။

(အာလမ်ဂိရီကျမ်း)

(၁၀)။ ။ ဇကားသ်ပေးပိုင်ခွင့်ရှိသူများကိုသာ အုရ်ှရ် ပေးပိုင်ခွင့်ရှိ၏။ ဇကားသ် ပေးပိုင်ခွင့်မရှိသူများအား အုရ်ှရ်ပေးပိုင်ခွင့်မရှိ။

(ဒွရ်ရိမွခ်သာရ်ကျမ်း အတွဲ-၂)

(၁၁)။ ။ အုပ်ရိုးပေးရာ၌ ဇကားသ်ကဲ့သို့ ပေါက်ရောက်သောသီးနှံ သို့မဟုတ် ထိုသီးနှံနှင့်ညီမျှသောတန်ဘိုးကိုပေးပိုင်ခွင့်ရှိ၏။ ဥပမာ–လူတစ်ဦး၏အုပ်ရိုး မြေ၌ စပါးတင်းတစ်ရာထွက်ခဲ့ရာ ထိုသူသည် စပါးဆယ်တင်း သို့မဟုတ် ဆယ်တင်း၏တန်ဘိုးကို ပေးပိုင်ခွင့်ရှိ၏။

# ဆွဒ်ကာသွလ်ဖိသ်ရ်၏ပြဋ္ဌာန်းချက်များ

---

အချို့သူတို့သည် အသိတရား ခေါင်းပါးမှုတို့ကြောင့် ဇကားသ်ပေးရန် တာဝန်မရှိသူအပေါ် ဖိသ်ရဟ်လည်း ပေးရန်တာဝန်မရှိဟု ထင်မှတ်ကြသည်။ အမှန်မှာ ဇကားသ်တာဝန် မရှိသော်လည်း ဖိသ်ရဟ်တာဝန်ရှိသူ အမြောက်အမြားရှိသည်။ ယင်းအကြောင်းကို ရှေ့တွင် တင်ပြပါမည်။

(၁)။ ။ အိမာန်းရှင် တစ်ဦးသည် ဇကားသ်ပေးထိုက်လောက်အောင်ချမ်းသာနေလျှင်(သို့မဟုတ်)ဇကားသ် တာဝန်မရှိသော်လည်း ရွှေခုနစ်တိုလာခွဲ (သို့မဟုတ်)

ငွေငါးဆယ့်နှစ်တိုလာခွဲ ယင်းတို့အနက် နည်းရာ၏ တန်ဘိုးနှင့်ညီမျှသော အပိုပစ္စည်းများ ပိုင်ဆိုင်ခဲ့လျှင် ထိုသူ့အပေါ်၌ ဖိသ်ရဟ်ပေးရန် ဝါဂျိဗ်ဖြစ်သည်။ ထို အပိုပစ္စည်းသည် ရောင်းဝယ်ဖောက်ကားသော ပစ္စည်း ဖြစ်စေ၊ (သို့မဟုတ်)ရောင်းဝယ်ဖောက် ကားခြင်းမပြု သော်လည်း အိမ်သုံးအပိုပစ္စည်းဖြစ်စေ ထိုသူ့အပေါ်၌ ဖိသ်ရဟ်ပေးရန် ဝါဂျိဗ်တာဝန် ဖြစ်သည်။ ထိုအပို ပစ္စည်းသည် မိမိထံတွင် တစ်နှစ်ပြည့်သည်ဖြစ်စေ၊ မ ပြည့်သည်ဖြစ်စေ အငော့တူပင်ဖြစ် သည်။

(မရာကိယွလ်ဖလ်လာဟ်ကျမ်း)

၂)။ ။ လူတစ်ယောက်ထံတွင်တန်ဘိုးကြီးမားသော အဆောက်အဦးရှိ၏။ ယင်းအဆောက်အဦး၌ ၄င်း ကိုယ်တိုင်နေ၏။ ထိုနည်းတူ ၄င်း၌တန်ဘိုးကြီးမား သော အဝတ်အစားများရှိ၏။ သို့သော်လည်းယင်းအ ဝတ်အစားတွင် ရွှေနားငွေနားများ ကွပ်မထား၊ ထို သူ၌နေ့စဉ် အသုံးပြုရသော အရေးကြီးလိုအပ်သော ပစ္စည်းများရှိ၏။ သို့သော် ရွှေနှင့်ငွေမရှိ၊ သို့မဟုတ် အရေးကြီးလိုအပ်သောပစ္စည်းများထက်ပို၍ အခြားအ ပိုပစ္စည်းများလည်းရှိ၏။ ရွှေနားငွေနားကွပ်ထားသော အဝတ်အစားများလည်း ရှိ၏။ ရွှေငွေလည်း ရှိ၏။

သို့သော်ယင်းပစ္စည်းများအားလုံးကိုပေါင်းလိုက်သော် ရွှေခုနစ်ဟိုလာခွဲ (သို့မဟုတ်) ငွေငါးဆယ့်နှစ်တိုလာ ခွဲ ယင်းတို့အနက် နည်းရာ၏တန်ဘိုးနှင့် နည်းနေလျှင် ထိုသူ့အပေါ်၌ ဖိသ်ရဟ်ပေးရန် ဝါဂျိဗ်တာဝန်မဟုတ်။

(မရာကိယွလ်ဖလ်လာဟ်ကျမ်း)

(၃)။ ။ လူတစ်ဦး၌ ရွှေငွေလက်ဝတ် ရတနာများမရှိ၊ ရောင်းဝယ်ဖောက်ကားသော ပစ္စည်းများလည်း မရှိ၊ သို့သော် ရွှေခုနစ်တိုလာခွဲ (သို့မဟုတ်) ငွေငါးဆယ့်နှစ်တိုလာခွဲ (ယင်းတို့အနက် နည်းရာ)နှင့်ညီမျှသော အပို ပစ္စည်းများရှိနေလျှင် ထိုသူ့အပေါ်၌ဇကားသ်ပေးရန် တာဝန်မရှိသော်လည်း ဖိသ်ရဟ်ပေးရန် တာဝန်ရှိ၏။

(မရာကိယွလ်ဖလ်လာဟ်ကျမ်း)

(၄)။ ။ လူတစ်ဦး၌အခန်းနှစ်ခန်းရှိသည်။ တစ်ခန်း၌မိမိကိုယ်တိုင်နေ၍ အခြားတစ်ခန်းသည် လွတ်နေလျှင် သို့မဟုတ် အငှားချထားလျှင် ထိုအခန်းသည် ၎င်းသူ့အတွက် အပိုဖြစ်နေ၏။ လိုအပ်ချက်ထက် ပိုနေသည်ဟုဆိုရမည်။ ယင်းအခန်း၏ တန်ဘိုးသည်

ငွေငါးဆယ့်နှစ်တိုလာခွဲ၏တန်ဘိုးနှင့် ညီမျှနေပါက ထိုသူသည် ဖိသ်ရဟ်ပေးရန်ဝါဂျိဗ်ဖြစ်၏၊ အကယ်၍ ထိုအခန်းမှရရှိသောလခကို မိုခိုနေရသူ ဖြစ်လျှင် ထို အခန်းသည် ၄င်းသူအတွက်အရေးကြီး လိုအပ်သော ပစ္စည်း၌ပါဝင်ပြီး ဖိသ်ရဟ်ပေးရန် တာဝန်ရှိမည် မ ဟုတ်။

(ဖသာဝါကာဇီခါန်းကျမ်း)

(၅)။ ။ လူတစ်ယောက်၌ အရေးကြီးလိုအပ်သော ပစ္စည်းထက် ပိုလျှံသော ပစ္စည်းရှိသည်။ သို့သော် လည်း ထိုသူသည်အကြွေးတင်နေသူဖြစ်လျှင်အကြွေး နှိမ်၍ ကျန်ရှိသောပိုင်ဆိုင်မှုသည် ရွှေခုနစ်တိုလာခွဲ (သို့မဟုတ်) ငွေငါးဆယ့်နှစ် တိုလာခွဲ (ယင်းတို့အ နက်နည်းရာ)သို့မဟုတ်ထို့ထက်ပို၍ပိုင်ဆိုင်ပါက ထို သူသည်ဆွဒ်ကအေဖိသ်ရ်ပေးရန်ဝါဂျိဗ်ဖြစ်သည်။ ထို့ ထက်နည်းလျှင်ဝါဂျိဗ်မဟုတ်။

(ဒွရ်ရိမွခ်သာရ်ကျမ်း)

(၆)။ ။ အီဒွလ်ဖိသ်ရ်နေ့၏စုဗဟ်ဆွာဒိက်(မိုးသောက် ချိန်)တွင် ဤဆွာဒ်ကဟ်သည် ဝါဂျိဗ်ဖြစ်လာသော ကြောင့် မိုးမသောက်မီ လူတစ်ယောက်ကွယ်လွန် သွားပါက ဖိသ်ရဟ်ပေးရန်ဝါဂျိဗ်မဟုတ်။ ထိုသူကျန်

ရစ်ခဲ့သောပစ္စည်းများမှလည်း မပေးရ။ အီးဒ်နေ့ မိုးမသောက်မီ ကလေးတစ်ယောက်မွေးလာပါက ထိုကလေးအတွက် ဖိသ်ရဟ်ပေးရန်ဝါဂျိဗ်ဖြစ်၏။ အကယ်၍ မိုးသောက်ပြီးမှမွေးလာပါက ထိုကလေးအတွက် ဖိသ်ရဟ်ပေးရန်ဝါဂျိဗ်မဟုတ်။

(ဖသာဝါအာလမ်ဂိရီကျမ်း)

(ရ)။ ။ အိမ်ထောင်ဦးစီး အမျိုးသားအပေါ်တွင် မိမိနှင့်တကွ မိမိ၏အရွယ်မရောက်သေးသော သားသမီးများအတွက်ဖိသ်ရဟ်ပေးရန် ဝါဂျိဗ်တာဝန်ဖြစ်သည်။ အရွယ်ရောက်ပြီးသော ကလေးများနှင့် ဇနီးသည်အတွက် ဖိသ်ရဟ်ပေးရန်တာဝန်မရှိ။ ဇနီးသည်နှင့် အရွယ်ရောက်ပြီးသော ကလေးများတွင် ဖိသ်ရဟ်ထိုက်လောက်အောင် ပိုင်ဆိုင်မှုရှိပါက ၎င်းတို့သည် မိမိဘက်မှဖိသ်ရဟ်ပေးရမည်။ သို့သော် အိမ်ထောင်ဦးစီးသည် မိမိ၏ဇနီးသည်နှင့်အရွယ် ရောက်ပြီးသောသားသမီးများအားအသိပေး၍ ၎င်းတို့ဘက်မှဖိသ်ရဟ်ပေးလိုက်လျှင် တာဝန်ကျေသွားမည်။

(ဟိဒါယဟ်ကျမ်း)

(၈)။ ။ အကယ်၍ အရွယ်မရောက်သေးသော ကလေး၌

ဖိသ်ရဟ် ထိုက်လောက်အောင် ပိုင်ဆိုင်မှု ရှိပါက၊ ဥပမာ--ငှင်း၏နီးစပ်သောဆွေမျိုးတစ်ယောက် ကွယ်လွန်ရာ၊ သူသည်အမွေရခဲ့၏။ သို့မဟုတ်အခြားနည်းလမ်းဖြင့်ပိုင်ဆိုင်မှုရှိလာပါက ဖခင်သည် ကလေးပိုင်ပစ္စည်းမှ ဖိသ်ရဟ်ပေးရမည်။ မိမိပိုင်ပစ္စည်းမှ ပေးရန်အရေးမကြီးပေ။

(ဖသာဝါကာဇီခါန်းကျမ်း)

၉)။ ။ ရှိဗဟ်စောင့်ထိန်းသူများအပေါ်၌ ဖိသ်ရဟ်ဝါဂျိဗ်ဖြစ်သကဲ့သို့အကြောင်းအမျိုးမျိုးကြောင့်ရှိဗဟ်မထားနိုင်သူများအပေါ်တွင်လည်းဖိသ်ရဟ်ပေးရန် ဝါဂျိဗ်ဖြစ်၏။ မည်သို့မျှခြားနားခြင်းမရှိ။

(ဖသာဝါအာလမ်ဂီရီကျမ်း)

၁၀)။ ။ အီဒွလ်ဖိသ်ရ် နမာဇ်ဝတ်မပြုမီ ဖိသ်ရဟ်ပေးလိုက်လျှင် ပို၍ကောင်း၏။ နမာဇ်မတိုင်မီမပေးမိခဲ့ပါက နမာဇ်ဝတ်ပြုပြီးနောက်ပေးရမည်။

(ဖသာဝါအာလမ်ဂီရီကျမ်း)

၁၁)။ ။ လူတစ်ယောက်သည် အီးဒ်နေ့မတိုင်မီ ရမ်ဇန်လအတွင်း၌ဖိသ်ရဟ်ပေးလိုက်လျှင် ပိုင်သွားမည်၊ထပ်မံ

ပေးရန်မလို။

(ဒွရ်ရိမွခ်သာရ်ကျမ်း)

၁၂)။ ။ အကယ်၍လူတစ်ယောက်က အီးဒ်နေ့၌ ဖိသ်ရဟ်မပေးမိခဲ့ပါက တာဝန်ကျေမည်မဟုတ်။ ထိုသူသည်နောက်နေ့များတွင်ပေးရမည်။

(ဟိဒါယဟ်ကျမ်း)

၁၃)။ ။ ဖိသ်ရဟ်ပေးရာ၌ ဂျုံစေ့သို့မဟုတ်ဂျုံမှုန့် ပေးလိုပါက လူတစ်ယောက်ဘက်မှ လူတစ်ယောက် အတွက် ဂျုံစေ့တစ်ပိဿာနှင့် တစ်ဆယ်သားပေးရမည်။ မုယောဆန် သို့မဟုတ်မုယောဆန်မှုန့် ပေးလိုလျှင် နှစ်ဆပေးရမည်။ (နှစ်ပိဿာနှင့်နှစ်ဆယ်သား ပေးရမည်။)

(ဟိဒါယဟ်ကျမ်း)

၁၄)။ ။ အကယ်၍ ဂျုံစေ့သို့မဟုတ် မုယောဆန်အပြင် အခြားပစ္စည်းများဖြစ်သော ကုလားပဲ၊ ကောက်ညှင်း၊ ဆန်စသည်များကို ပေးလိုလျှင် လူတစ်ဦးအတွက် ဂျုံစေ့တစ်ပိဿာနှင့်တစ်ဆယ်သား သို့မဟုတ် မုယောဆန် နှစ်ပိဿာနှင့် နှစ်ဆယ်သား၏ တန်ဘိုးနှင့်ညီမျှ

စွာပေးရမည်။

(ဒွရ်ရိမွခ်သာရ်ကျမ်း)

(၁၅)။ ။ ဂျုံစေ့သို့မဟုတ်မုယောဆန်မပေးဘဲ ၎င်းတို့၏ တန်ဘိုးနှင့် ညီမျှသောငွေကို ပေးလိုက်လျှင် ပို၍ ကောင်း၏။

(အာလမ်ဂိရီကျမ်း)

မှတ်ချက်- နှစ်စဉ်ဂျုံစေ့နှင့်မုယောဆန်ဈေးနှုန်းများသည် အတက်အကျရှိတတ်သောကြောင့် ကာလပေါက်ဈေးအား စုံစမ်း၍ပေးဆောင်ရမည်။

(၁၆)။ ။ အထက်၌ တင်ပြခဲ့သော ဖိသ်ရဟ်၏စံနှုန်းသည် လူတစ်ယောက်အတွက်သာ ဖြစ်သည်။ အရွယ်မရောက်သေးသော ကလေးအတွက်လည်း ဤစံနှုန်းအတိုင်းပေးရန်ဝါဂျိဗ်ဖြစ်သည်။

(၁၇)။ ။လူတစ်ဦး၏ဖိသ်ရဟ်ကို ဆင်းရဲသားတစ်ယောက်တည်းအား ပေးလိုက်လျှင်လည်း ပိုင်၏။ ဆင်းရဲသားအမြောက်အမြားတို့အား ခွဲဝေပေးလျှင် လည်းပိုင်၏။

(ဒွရ်ရိမွခ်သာရ်ကျမ်း)

စင်စစ်တမူကား အသင်ရှိုးသည် လူတို့၏ ပစ္စည်းများတွင် (ရောစပ်၍) တိုးပွားပြီးလျှင် အသင်တို့ထံရောက်လာရန် ပေးခဲ့ကြသော လက်ဆောင်ပစ္စည်းမှာ အလ္လာဟ်အရှင်မြတ်ယံ တော်တွင် တိုးပွားသည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏နှစ်သက် ကျေနပ်မှုကို လိုလား၍ တစ်စုံတစ်ရာ အလှူ ဒါနကို ပေးကမ်းလှူဒါန်းကြပါမူ ယင်းကဲ့သို့သော သူတို့သာလျှင် တိုးပွားစေကြသူများဖြစ်ကြ၏။

*ကုရ်အာန်ကျမ်းမြတ် (၃၀:၃၉)*

မှတ်ချက်။ ။ တစ်တိုလာသည် (၁၁) ပဲနှင့် (၁) ရွေး ရှိပါသည်

စင်စစ်တမူကား အသင်တို့သည် လူတို့၏ ပစ္စည်းများတွင် (ရောစပ်၍) တိုးပွားပြီးလျှင် အသင်တို့ထံရောက်လာရန် ပေးခဲ့ကြသော လက်ဆောင်ပစ္စည်းမှာ အလ္လာဟ်အရှင်မြတ်ထံတော်တွင် တိုးပွားသည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏နှစ်သက်ကျေနပ်မှုကို လိုလား၍ တစ်စုံတစ်ရာ အလှူဒါနကို ပေးကမ်းလှူဒါန်းကြပါမူ ယင်းကဲ့သို့သော သူတို့သာလျှင် တိုးပွားစေကြသူများဖြစ်ကြ၏။

*ကုရ်အာန်ကျမ်းမြတ် (၃၀:၃၉)*

မှတ်ချက်။ ။ တစ်တိုလာသည် (၁၁) ပဲနှင့် (၁) ရွေး ရှိပါသည်။